ကြေးမုံ
The Mirror Daily
၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဒါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ တနင်္လာနေ့။ Monday, 18 August 2025 ၁၁၉၁၃

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**ယနေ့ ဖတ်စရာ**

**၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ် ဗိုလ်လုပွဲ တက်ရောက်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား နိုင်ငံတော်က ဒေါ်လာ ၃၀၀၀၀ ဂုဏ်ပြုချီးမြှင့်**

စာမျက်နှာ » ၃

**ဒီမိုကရေစီစနစ်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်**

ဆောင်းပါး စာမျက်နှာ » ၆

**အချိန်အခါမဟုတ် ကန်ဖော်ရောင်းချမှုကြောင့် ပုံမှန်မွေးမြူထုတ်လုပ်ရောင်းချမှု ကွင်းဆက်ပြတ်လပ်သွားနိုင်**

စာမျက်နှာ » ၈

**ခရီးသွားပါ အကျိုးများမှာ**



ဆောင်းပါး စာမျက်နှာ » ၁၀

**မိုက်ခရိုကွန်ထရိုလာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှု**



နည်းပညာနှင့်သုတကဏ္ဍ စာမျက်နှာ » ၁၇



## ပေါင်းတည်မြို့နယ်၌ မိုးစပါး ၇၃၅၁၄ ဧက စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ပေါင်းတည် ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၂၀၂၅ မိုးစပါးစိုက်ရာသီတွင် မိုးစပါးစုစုပေါင်း ၇၃၅၁၄ ဧကစိုက်ပျိုးထားလျက်ရှိပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

မြို့နယ်အတွင်းရှိ သုံးသီးစိုက် စိုက်ပျိုးမြေများရှိ မိုးစပါးများသည် ယခုအခါ ပျမ်းမျှသက်တမ်း ၃၅ရက် ခန့်ရှိကြပြီး ယခုအချိန်တွင် ပေါင်းမြက်ပယ်ခြင်း၊ မြေဩဇာကြဲပက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြသည်။

အဆိုပါ မိုးစပါးများကို စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနတို့၏ အသိပညာပေးဆောင်ရွက်မှုဖြင့် မျိုးစေ့ချကိရိယာ၊လက်ဆွဲကောက်စိုက်စက်၊ ခြောက်တန်းသွား၊ ၁၂တန်းသွားကောက်စိုက်စက်ကြီးများဖြင့် လည်းကောင်း၊ မြေအနေအထားအရ အချို့စိုက်ပျိုးမြေများတွင် ကောက်စိုက်သမများဖြင့်လည်းကောင်း အထွက်ကောင်းသည့် အောင်နိုင်တိုး၊ ရတနာတိုး၊ ဗီယက်နမ်၊ ရေဆင်းစပါးမျိုးများနှင့် အင်းလယ်စပါး၊ငွေတိုးစပါးမျိုးများကို စိုက်ပျိုးထားရှိကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်

နေပြည်တော် ဩဂုတ် ၁၇

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်နှင့် ဩရိဿပြည်နယ်တောင်ပိုင်းကမ်းခြေ)တို့၌ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီ အတွင်း ပိုမိုအားကောင်းလာနိုင်ကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပြီး ဩဂုတ် ၁၉ ရက်တွင် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း-အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ



ကြေးမုံ

# အတတ်ပညာများကိုထိရောက်စွာအသုံးချ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်း

ကမ္ဘာပေါ်ရှိ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများကို လေ့လာကြည့်လျှင် သဘာဝအရင်းအမြစ်များကို ပိုင်ဆိုင်ထားခြင်း၊ မပိုင်ဆိုင်ထားခြင်းထက် အသိပညာ၊ အတတ်ပညာ၊ နည်းပညာနှင့် ငွေကြေးအရင်းအနှီးများ ပိုင်ဆိုင်ထားခြင်းသည် ပို၍အဓိကဖြစ်နေသည်ကို တွေ့မြင်နိုင်သည်။ သဘာဝအရင်းအမြစ်များလည်းပိုင်ဆိုင်၊ နည်းပညာနှင့် အရင်းအနှီးများလည်းရှိပါက အဆိုပါနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုတွင် ထိပ်တန်းရောက်သည့်နိုင်ငံဖြစ်နိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် ပထဝီအနေအထားအရ ရေခံမြေခံ အခြေခံကောင်းများ များစွာရှိပြီး မကုန်နိုင်၊ မခန်းနိုင်သော တွင်းထွက်သယံဇာတနှင့် သဘာဝအရင်းအမြစ်များ အလျှံပယ်ပေါများကြွယ်ဝသည်။

သို့သော် ရှိပြီးသဘာဝသယံဇာတနှင့် အရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချနိုင်မှုအားနည်းချက်နှင့် အမှန်တကယ်အလုပ်လုပ်နိုင်မှု လိုအပ်ချက်များကြောင့် စီးပွားရေးတိုးတက်မှုတွင် နောက်ကျကျန်ခဲ့သည်ကို တွေ့မြင်နိုင်သည်။ မြန်မာနိုင်ငံ၌ ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးဖြင့် ကုန်သွယ်မှုလိုငွေပြခဲ့သည်။ သဘာဝသယံဇာတများနှင့် စိုက်ပျိုးရေးထွက်ကုန်များ အစဉ်အဆက်ထွက်ရှိသော်လည်း စနစ်တကျ၊ ခေတ်မီနည်းကျထုတ်လုပ်မှု၊ အရည်အသွေးပြည့်မီခေတ်မီဆန်းသစ်တီထွင်သည့် ကုန်ချောပစ္စည်းများ ထုတ်လုပ်နိုင်မှု အားနည်းချက်များကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေသည်ဟု ဆိုနိုင်သည်။

ထို့အပြင် စိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ရည်မှန်းချက်ပြည့်မီအောင် ထုတ်လုပ်နိုင်မှုအားနည်းခဲ့သည်။ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မှုလျော့နည်းခဲ့သည်။ ပန်းတိုင်ရည်မှန်းချက်နှင့် သီးထပ်စွမ်းအား ပြည့်မီမှုမရှိခြင်းကြောင့် နိုင်ငံ့ဝင်ငွေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့် ထိခိုက်နစ်နာလျော့နည်းခဲ့သည်ကို တွက်ချက်မှုများအရ သိရှိရသည်။ ယင်းတို့ကို ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ရောင်းကုန်ပစ္စည်းများ တိုးတက်ရရှိပြီး ကုန်သွယ်မှုပိုငွေပြလာမည်ဖြစ်သည်။ နိုင်ငံ့စီးပွားရေး အားနည်းခဲ့ရသည်များကို ယခုအခါ ထိထိရောက်ရောက် အားပေးဆောင်ရွက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဆီထွက်သီးနှံအမျိုးမျိုးကို စိုက်ပျိုးထုတ်လုပ်နိုင်သော်လည်း ပြည်တွင်းလိုအပ်ချက် မပြည့်မီသဖြင့် ပြည်ပမှ စားသုံးဆီများကို နှစ်စဉ်တင်သွင်းနေရသည်။ ပြည်ပမှ ဂျုံတင်သွင်းမှုအနေဖြင့် တစ်နှစ်လျှင် တန်ချိန် ငါးသိန်းခန့်ရှိသည်။ မြန်မာနိုင်ငံတွင် ဂျုံစိုက်ပျိုးမှု ဧကပေါင်း ၁ ဒသမ ၃ သိန်းစိုက်ပျိုးလျက်ရှိပြီး ဂျုံလိုအပ်ချက် တန်ချိန် ငါးသိန်း ရရှိရေးအတွက် စိုက်ပျိုးဧက ခြောက်သိန်းနီးပါး ထပ်မံစိုက်ပျိုးရမည်ဖြစ်သည်။ ဝါစိုက်ပျိုးမှုတွင် ဧက ငါးသိန်းခန့် စိုက်ပျိုးနေပြီး ပြည်တွင်း ဝါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သဖြင့် ပိုလျှံသည်များကို ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေးကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။ ဝါကိုအခြေခံသည့် ထုတ်ကုန်များကို ဒေသအလိုက် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝမှပေးထားသည့် အရင်းအမြစ်များစွာရှိပြီး အမှန်တကယ်အလုပ်လုပ်၍ အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများ အခြားနိုင်ငံများနှင့် တန်းတူ အဆင့်မီမီထုတ်လုပ်နိုင်ပါက ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသည့် လူသုံးကုန်၊ စားသုံးကုန်ပစ္စည်းများကို အစားထိုးထုတ်လုပ်နိုင်ပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင်သာမက ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် နည်းပညာအဆင့်မြင့်မားမှုလိုအပ်သဖြင့် နည်းပညာများကို ပြည်ပမှရယူ၍လည်းကောင်း၊ ပြည်တွင်း၌ အဆင့်မြင့်သင်ကြားပေးမှုများဖြင့် ရယူ၍လည်းကောင်း လက်တွေ့အသုံးချနိုင်သည်။

နိုင်ငံတွင် နိုင်ငံတော်အစိုးရက တည်ဆောက်ဖွင့်လှစ်ပေးထားသော အဆင့်မြင့်ပညာ၊ နည်းပညာဆိုင်ရာ ဘာသာရပ်အလိုက် အတတ်ပညာများကို နိုင်ငံတကာနှင့် တန်းတူပို့ချသင်ကြားပေးလျက်ရှိသော်လည်း လက်တွေ့အသုံးချသရုပ်ပြကဏ္ဍ၌ နိုင်ငံတကာအဆင့်နှင့်ကွာဟချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ပါက ကျောင်းသားကျောင်းသူများအနေဖြင့် စိတ်ဝင်စားမှုနှင့် တတ်မြောက်ကျွမ်းကျင်မှု မြင့်မားလာပြီး ပင်ကိုဉာဏ်ကောင်းမွန်မှုကြောင့် အခြားနိုင်ငံများထက်ပင် ကျွမ်းကျင်သူများ၊ ပညာရှင်များ ပိုမိုပေါ်ထွက်လာနိုင်သည်။ သို့ဖြစ်ရာ စီးပွားရေးအရ အားနည်းချက်များရှိနေရခြင်းမှာ စီးပွားရေးလုပ်ဆောင်နိုင်မည့် အတတ်ပညာများ အားနည်းခြင်းကြောင့်ဖြစ်၍ အတန်းပညာကိုအခြေခံပြီး အတတ်ပညာများ သင်ကြားလေ့လာတတ်မြောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ မန္တလေးငလျင်ဆိုင်ရာ အချက်အလက်များသိရှိနိုင်ရန်အတွက် ဝက်ဘ်ဆိုက်လွှင့်တင်ထားရှိကြောင်း အသိပေးကြေညာ

နေပြည်တော် ဩဂုတ် ၁၇

၂၀၂၅ ခုနှစ်မတ်လ ၂၈ ရက်နေ့တွင်လှုပ်ခတ်ခဲ့သည့်အင်အားရစ်(ခ်)တာစကေး ၇ ဒသမ ၇ အဆင့်ရှိ မန္တလေးငလျင်ကြီးအပါအဝင် မြန်မာနိုင်ငံအတွင်းလှုပ်ခတ်ခဲ့သည့် မြေငလျင်သတင်းများသိရှိနိုင်စေရန်၊ ငလျင်လှုပ်ခတ်စဉ်အတွင်း ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသည့်ဖြစ်စဉ်များအား မျှဝေပေးနိုင်ရန်၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ အလှူရှင်များမှ လှူဒါန်းလာနိုင်စေရန်၊ ပျက်စီးဆုံးရှုံးမှုများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများနှင့် အလှူငွေများ ထိရောက်စွာ လှူဒါန်းနိုင်ရန်တို့အတွက် www.myanmarearthquake.gov.mm ဝက်ဘ်ဆိုက်အား လွှင့်တင်ထားသည်။

အဆိုပါဝက်ဘ်ဆိုက်တွင် မြေငလျင်ဆိုင်ရာသတင်းများကို တစ်နေရာတည်းတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့်ဖြစ်စဉ်များကိုလည်း လေ့လာနိုင်သည်။ ထို့ပြင် ကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်များနှင့် ထိခိုက်ခဲ့မှုများကို မျှဝေပေးခြင်းဖြင့် အလှူရှင်များက လှူဒါန်းလိုသောနေရာများအား ကိုယ်တိုင်ရွေးချယ်၍ KBZ Pay၊ CBPay၊ AYA Pay၊ OK $ နှင့် Wave Pay စသည့် မိမိနှစ်သက်ရာ Pay များဖြင့် လွယ်ကူစွာ တိုက်ရိုက်လှူဒါန်းနိုင်ပြီး Online မှတစ်ဆင့် MMQR ဖြင့် လှူဒါန်းနိုင်သည်။ ပြည်ပအလှူရှင်များအနေဖြင့်လည်း Visa Card၊ Master Card များအသုံးပြု၍ လှူဒါန်းနိုင်သည်။

Website နှင့်ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက ဝ၆၇-၃၄၀၄၇၇၇ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်မရောမြို့နယ်၌ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ကျိုက်မရော ဩဂုတ် ၁၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဂုဏ်ပြုပွဲကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီခိုင်က အမှာစကားပြောကြားပြီး သိန်းတစ်ရာ ငွေစုငွေချေး သမဝါယမအသင်း၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာဖတ်ကြားခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများ ဖတ်ကြားခြင်း၊ အသင်းစာရင်းစစ်အစီရင်ခံစာ ရှင်းလင်းခြင်း၊ ရှေ့လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အသင်းသားများ၏ စုဆောင်းငွေအပေါ်အတိုး၊ အစုပေါ်အမြတ်များကို ထုတ်ပေးခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့



သော အသင်းသား၏ သမီးအား ဂုဏ်ပြုဆုငွေများချီးမြှင့်ခဲ့ပြီး အသင်းသားများအား အမြတ်ငွေနှင့် စားသုံးဆီဘူးများကိုဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကျိုက်မရော(ပြန်/ဆက်)

## မန္တလေးဘောလုံးသမားဟောင်းများအသင်း၏ (၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပ

မန္တလေး ဩဂုတ် ၁၇

မန္တလေးဘောလုံးသမားဟောင်းများအသင်း၏ အသက် ၇၀ နှစ်အထက် သက်ကြီးဘောလုံးသမားဟောင်းများအား (၁၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို မန္တလေးမြို့ ဗထူးအားကစားကွင်း အထူးတန်းရှေ့မြက်ခင်းပြင်၌ ဩဂုတ် ၁၆ ရက် ညနေ ၄ နာရီက ကျင်းပသည်။



အခမ်းအနားသို့ မန္တလေးဘောလုံးသမားဟောင်းများ အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း(စိန်နှင့်မြ) ဦးဆောင်သောအသင်းအမှုဆောင်များ၊ အသင်းဝင်ဘောလုံးသမားဟောင်းများနှင့် မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ၊ သက်ကြီးကန်တော့ခံ လက်ရွေးစင်ဘောလုံးသမားများ တက်ရောက်ကြသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းက ကန်တော့ခံ သက်ကြီးကစားသမားများအား တစ်ဦးချင်းမိတ်ဆက်ပေးပြီး ဘောလုံးသမားဟောင်းများနှင့်အလှူရှင်တို့က မန္တလေးဘောလုံးသမားဟောင်း ၄၂ ဦးတို့အား ကန်တော့ကြကာ အားကစားပစ္စည်းများနှင့် အလှူငွေများကို ဂါရဝပြုပေးအပ်ကန်တော့ကြရာ ကန်တော့ခံများကိုယ်စား လက်ရွေးစင်ဟောင်း ဦးခင်မောင်လေးက ဆုပေးစကားပြန်လည်ပြောကြားသည်။ **တင်မောင်(မန်း)**

## ၁၇ - ၈ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၈၉၀၀၀၀ ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ဝ၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ဝ၆၇-၃၆၁၂၈၊ ဝ၆၇-၃၆၁၃၀၊ ဖက်စ် ဝ၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ဝ၁-၂၉၂၈၃၂

မန်နေဂျာ - ဝ၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ဝ၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ဝ၁-၂၉၂၈၃၀၊ ကြော်ငြာ ဝ၁-၃၉၇၃၃၀၊ ဖက်စ် ဝ၁-၂၀၃၃၅၁

# ၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ် ဗိုလ်လုပွဲ တက်ရောက်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား နိုင်ငံတော်က ဒေါ်လာ ၃၀၀၀၀ ဂုဏ်ပြုချီးမြှင့်

**ရန်ကုန် ဩဂုတ် ၁၇**

ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၂၅ အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ထိုင်းအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်သွားခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စွမ်းဆောင်မှုဂုဏ်ပြုငွေ ဒေါ်လာ ၃၀၀၀၀ ချီးမြှင့်ခဲ့သည်။

"ပွဲစဉ်တွေအားလုံး ရှုံးပွဲမရှိကစားနိုင်ပြီး ဗိုလ်လုပွဲကို ထိုက်တန်စွာရောက်ရှိခဲ့လို့ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသားအားလုံးအတွက် ဂုဏ်ယူပါတယ်။ စည်းလုံးညီညွတ်မှုအပြည့်နဲ့ ကြိုးစားခဲ့ကြလို့ အားရကျေနပ်မိပါတယ်။ ဗိုလ်လုပွဲစဉ်မှာ နိုင်ပွဲအတွက် ရေကုန်ရေခန်း အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ကြဖို့ တိုက်တွန်းပါတယ်။ ချန်ပီယံဆုရရှိတာနဲ့ နိုင်ငံတော်ကလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်မှာဖြစ်ပါတယ်။ ဒါကြောင့် ရရှိတဲ့အချိန်မှာ ဗိုလ်လုပွဲအတွက် စနစ်တကျ အာရုံစိုက်လေ့ကျင့်ပြင်ဆင်ဖို့ မှာကြားလိုပါတယ်" ဟု နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ တိုက်တွန်းအားပေးမှုကို အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က မြန်မာအသင်းခေါင်းဆောင် ဝင်းသိင်္ဂီထွန်း၊ အသင်းတာဝန်ခံ ဒေါ်နွယ်နီဦးနှင့် ကစားသမားများထံ ဆက်သွယ်ပြောကြားခဲ့သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကစားသမားများကလည်း အားပေးဂုဏ်ပြုမှုကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ နိုင်ငံ့ဂုဏ် မြှင့်တင်ရန် ဗိုလ်လုပွဲစဉ်အား အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြသည်။

**ဆုငွေရရှိ**

မြန်မာအမျိုးသမီးအသင်းသည် ဗိုလ်လုပွဲတက်ရောက်ခဲ့သည့်အတွက် လက်ရှိအချိန်ထိ အမေရိကန် ဒေါ်လာ ၃၀၀၀၀နှင့် မြန်မာငွေကျပ် သိန်းနှစ်ထောင် ဆုငွေရရှိထားသည်။

မြန်မာနှင့်ဩစတြေးလျတို့၏ ဗိုလ်လုပွဲစဉ်အား ဩဂုတ် ၁၉ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် Lach Tray Stadium တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့၊ မက္ခရာနှင့် ပလိပ်ဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံများ၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သီတဂူဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ရှိ ရှေးဟောင်းအဆောက်အအုံများ၊ စေတီ၊ ပုထိုးများ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု အခြေအနေများကိုလျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများကလှူဒါန်းသည့် ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီ၊ ဓာတ်တော်၊ စေတီတော်များနှင့်အလှူငွေများကို သီတဂူဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကာ သီတဂူဆရာတော်ကြီးထံမှ ဩဝါဒခံယူသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆွမ်းဦးပုညရှင်စေတီတော် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို လည်းကောင်း၊ ဥမင်သုံးဆယ်ဘုရားရှိ ငလျင်ဒဏ်ကြောင့် ဦးခေါင်းတော်ထိခိုက်ပျက်စီးခဲ့သော ဆင်းတုတော်များကို မူလပုံအတိုင်း ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း၊ "စစ်ကိုင်းအစ၊ စေတီလှက" ဆိုသည့်အတိုင်း စေတီလှဘုရား ငလျင်ကြောင့် တစ်ဆူလုံးကြေမွပျက်စီးသွားသည့် အခြေအနေများကိုလည်းကောင်း၊ စေတီလှဘုရားအနီးရှိ ငလျင်ကြောပေါ်တည်ရှိနေ၍ တစ်ဆူလုံးတိမ်းစောင်းကြေမွထိခိုက်ပျက်စီးနေသည့် ရွှေမုဋ္ဌောဘုရားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပျူကံစေတီအစုသို့သွားရောက်၍ ကုန်းဘောင်ခေတ် အင်္ဂတေပန်းလက်ရာများကျန်ရှိနေသည့် ရှေးဟောင်းစေတီဘုရားခုနစ်ဆူအား ဂရုတစိုက်ပြုပြင်ထိန်းသိမ်းသွားရန်၊ ရှေးဟောင်းလက်ရာအင်္ဂတေပန်းများကြံ့ခိုင်ရေးပါ ဓာတုဗေဒဆေးဖြင့်ထိန်းသိမ်းရန် မှာကြားသည်။

ယင်းနောက် စစ်ကိုင်းမြို့ အသင်္ခယာရိပ်သာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ကြောင့် ထိခိုက်ပျက်စီးသွားသော စေတီတော်များပြုပြင်ထိန်းသိမ်းရာတွင် ထည့်သွင်း၌ာပနာရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများက လှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓာတ်တော်များ၊ ဓမ္မစေတီများကို ပေးအပ်လှူဒါန်းသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော ရှေးဟောင်းအဆောက်အအုံ၊ စေတီ၊ ပုထိုး စုစုပေါင်း ၁၁၈ ခုအနက် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် ဦးစားပေးအဆင့်အလိုက်အဆင့်များခွဲခြားပြီး ဆောင်ရွက်လျက်ရှိရာ ပထမဦးစားပေးအဆင့်ပြုပြင်ရန် ဘုရား ၉၅ ဆူအနက် နှစ်ဆူဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ ၁၀ ဆူဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် မက္ခရာဒေသရှိ ဆေးဘုရားနှင့် ဘုရားငါးဆူတွင် ပြည်ထောင်စုဝန်ကြီးနှင့် ခုနစ်ရက်သားသမီးများလှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်၊ စေတီတော်အလယ်၌ာပနာသွင်းမင်္ဂလာကို ရွှေရောင်တော်ဆရာတော်ကြီးနှင့် ကျောက်ဆည် မဟာဂန္ဓာရုံဆရာတော်ဦးဆောင်၍ ဆောင်ရွက်တော်မူကြပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ဓာတ်တော်မွေတော်များကို ဩဝါဒါစရိယဆရာတော်များထံကပ်လှူပြီး ပြုပြင်လျက်ရှိသည့်ဘုရားနှစ်ဆူတွင် ထည့်သွင်း၌ာပနာသည်။

ယင်းနောက် ပလိပ်မြို့ မြွေဘုရားပရဝဏ်အတွင်း ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံ၊ စေတီဘုရားများအား ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ၇ ရက် သားသမီးများလှူဒါန်းသော ကြေးဗုဒ္ဓဆင်းတုတော်၊ ဓမ္မစေတီတော်၊ ဓာတ်တော်၊ စေတီတော်များ၊ ဝါဆိုသင်္ကန်းနှင့် လှူဒါန်းငွေများကို ဆရာတော်များထံသို့ ဆက်ကပ်လှူဒါန်းသည်။

ပလိပ်ဒေသတွင် မန္တလေးငလျင်ကြီးကြောင့် ရှေးဟောင်းဘုရား ၂၉၄ ဆူအနက် ၂၄၉ ဆူ ထိခိုက်ပျက်စီးခဲ့ရာ ပြန်လည်ပြုပြင်လှူဒါန်းလိုသော အလှူရှင်များ၏ လှူဒါန်းမှု၊ ဂေါပကအဖွဲ့ရန်ပုံငွေဖြင့် ပြုပြင်မှုတို့ဖြင့် မူလဓာတ်ပုံများ၊ အထောက်အထားများအတိုင်း ပြန်လည်ပြုပြင်လျက်ရှိရာ လေးဆူပြုပြင်ပြီးစီးပြီး နှစ်ဆူပြုပြင်နေဆဲဖြစ်သည်။

ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရားများအား ပြန်လည်ပြုပြင်ရန် လှူဒါန်းလိုပါက ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ သာသနာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဂေါပကအဖွဲ့များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး မန္တလေး၊ စစ်ကိုင်းဒေသရှိ ရှေးဟောင်းဘုရားများပြုပြင်ရန် လှူဒါန်းထားခဲ့သည့် အလှူရှင်များအနေဖြင့် မိမိတို့ဘိုးဘွား၊ မိဘ အဆက်ဆက်လှူဒါန်းခဲ့သည့် ရှေးဟောင်းဘုရားများ ထိခိုက်ပျက်စီးမှု ရှိ/မရှိ သိရှိလိုပါက အထက်ပါဌာနများသို့ဖြစ်စေ၊ myanmarearthquake.gov.mm Website တွင်ဖြစ်စေ စုံစမ်းမေးမြန်းကြည့်ရှုနိုင်ကြောင်းနှင့် ပျက်စီးမှုပြန်လည်ပြုပြင်လိုပါကလည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ရှေ့ဖုံးမှ

ထိုမိုးစပါးများ ပန်းတိုင်အထွက်နှုန်း တင်း ၁၀၀ နှင့်အထက် ထွက်ရှိရေးအတွက် စိုက်ကြပ်တာဝန်ခံဝန်ထမ်းများသည် စဉ်ဆက်မပြတ်ကွင်းဆင်းစစ်ဆေးကာ စပါးပင်နုများကို ကိုက်ဖြတ်စားသောက်တတ်သည့် ရွှေခရုအန္တရာယ်မကျရောက်စေရေးနှင့် မိုးရွာသွန်းမှုများပြားလျက်ရှိခြင်းကြောင့် စိုက်ခင်းများရေနစ်မြုပ်မှုမဖြစ်ပေါ်စေရေး၊ ရေထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးတို့ကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရွှေသား(IPRD)**



## စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၇**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မြန်မာနိုင်ငံဘော်လီဘောဒိုင်လူကြီးသင်တန်းဆင်းပွဲနှင့် (၁၀)နှစ်ပြည့်အထိမ်းအမှတ် MLWC မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်

ရန်ကုန် ဩဂုတ် ၁၇

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကြီးမှူးဖွင့်လှစ်သည့် မြန်မာနိုင်ငံဘော်လီဘောဒိုင်လူကြီး (Referee)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။




**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းနည်းပြဆရာများ၊ ဒိုင်ချုပ်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်းအမှာစကားပြောကြားပြီး ဒိုင်သင်တန်းနည်းပြချုပ် ဦးဖြိုးသူအောင်အား ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက သင်တန်းမှူး ဦးဇော်လွင်ဦးအား ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က သင်တန်းဆင်းဒိုင်လိုင်စင်လက်မှတ်များကို သင်တန်းသားသင်တန်းသူများအား လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားခန်းမ၌ (၁၀)နှစ်ပြည့်အထိမ်းအမှတ် MLWC မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက ရတနာရွှေမောင်းကို သုံးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးကာ ပထမပွဲစဉ်အဖြစ် ၅၄ ကီလိုတန်းတွင် သိန်းစိုးနှင့် ဆလိုင်းထန်ခွီးရှိန်တို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေး၍ အနိုင်ရရှိသွားသော ဆလိုင်းထန်ခွီးရှိန်ကို ရွှေခါးပတ်နှင့် လည်ဆွဲကို ပေးအပ်ချီးမြှင့်သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် မြန်မာ့သိုင်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြိုင်ပွဲဗိုလ်လုပွဲများကို ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်ရာ အမျိုးသမီးတစ်ကိုယ်တော် ဓါးတစ်လက်အပြပြိုင်ပွဲ၊ အမျိုးသားတစ်ကိုယ်တော် လှံရှည်အပြပြိုင်ပွဲ၊ အမျိုးသမီးတစ်ကိုယ်တော် လှံရှည်အပြပြိုင်ပွဲ၊ အမျိုးသားအတွဲလိုက် (၁+၃) ဓါးရှည်ဝိုင်းထွက်ပြိုင်ပွဲ၊ အမျိုးသမီး (၅၀-၅၅)ကီလို ဓါးနှစ်လက်အတိုက် ပြိုင်ပွဲ၊ အမျိုးသား(၅၀-၅၅) ကီလို ဓါးနှစ်လက်အတိုက်ပြိုင်ပွဲ၊ အမျိုးသမီး(၄၅-၄၈) ကီလိုအတိုက်ပြိုင်ပွဲ၊ အမျိုးသား (၄၈-၅၃) ကီလို အတိုက်ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသမီးတံခွန်စိုက်ဆုဖလားနှင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီးက တံခွန်စိုက်ဆုဖလားရရှိသွားသော ရန်ကုန်တိုင်းဒေသကြီးအသင်းအား စုပေါင်းတံခွန်စိုက်ဆုဖလားကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ကျောက်စိမ်းခန်းမ၌ မြန်မာနိုင်ငံဘတ်လီယက်နှင့်စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခန့်ကျော်တို့နှင့် တွေ့ဆုံ၍ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ ဆုတံဆိပ်များ ရရှိနိုင်ရေးတို့အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ Joint Training သွားရောက်လေ့ကျင့်နိုင်ရေး၊ လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများ ဝယ်ယူသယ်ဆောင်နိုင်ရေးတို့ကို ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်




## (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

ထားဝယ် ဩဂုတ် ၁၇

ဩဂုတ် ၁၄ ရက်နှင့်၁၅ ရက်တို့တွင် ပြုလုပ်ခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်တရားရေးဦးစီးမှူးများ၏ (၂၉) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်အေးအေးသန်းနှင့် ဒေါ်ရင်ရင်သန်းတို့က မိမိတို့၏တရားစီရင်ရေးအတွေ့အကြုံများကို ရှင်းလင်းဆွေးနွေးမှာကြားပြီး တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဦးသိန်းထိုက်ဦးက အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများက မှာကြားခဲ့သော စီမံခန့်ခွဲရေးနှင့်တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို ထပ်ဆင့်ရှင်းလင်းမှာကြားကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တက်ရောက်ကြည့်ရှုအားပေး

ပုသိမ် ဩဂုတ် ၁၇




၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်ရာ အခမ်းအနားသို့ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တာဝန်ရှိသူများ၊ ပုသိမ်တက္ကသိုလ် ခေတ္တပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**တိုက်တွန်းပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲများ ပြုလုပ်ခြင်းဖြင့် ရေဝတီတိုင်းဒေသကြီး ကိုယ်စားပြု ထူးချွန်ထက်မြက်သည့် ကာယဗလမောင်၊ ကာယအလှမယ် အားကစားသမားများ ပေါ်ထွက်လာမည် ဖြစ်ကြောင်း၊ ကြိုးကြပ်ဆောင်ရွက်ကြမည့် ဒိုင်လူကြီးများ အနေဖြင့်လည်း ဘက်လိုက်မှုကင်းကင်းနှင့် ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများအတိုင်း ဆုံးဖြတ်ပေးရန်၊ ယခုပြိုင်ပွဲမှ တစ်ဆင့် တိုင်းဒေသကြီးအဆင့်၊ နိုင်ငံတော်အဆင့်ထိအောင် ဂုဏ်ဆောင်နိုင်ကြသည့် အားကစားသမားကောင်းများ ဖြစ်အောင် ကြိုးစားသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲဝင်စည်းကမ်းများအား ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာ အဖွဲ့နာယက၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ပုသိမ်တက္ကသိုလ် အားကစား လုပ်ရှားမှုများနှင့် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ပုသိမ်တက္ကသိုလ် ခေတ္တပါမောက္ခချုပ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကျောင်းသူများ၏ တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်မှုများ၊ ပုသိမ်တက္ကသိုလ်အနုပညာအသင်း၊ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆပ်ကော်မတီ၏ ကပြဖျော်ဖြေမှုများ၊ ကာယဗလမောင်နှင့် ကာယအလှမယ်များ၏ ပြိုင်ပွဲဝင် ယှဉ်ပြိုင်နေမှုများ၊ ကာယဗလမောင်များ၏ သရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြသည်။

**ဆုများ ပေးအပ်ချီးမြှင့်**

ထို့နောက် ကာယဗလမောင် ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ ကာယအလှမယ် ပြိုင်ပွဲတွင် နှစ်သိမ့်ဆု၊ Eposoft အလှမယ်ဆု၊ ဟန်အမူအရာ အကောင်းဆုံးဆု၊ ပြုံးအလှမယ်ပိုင်ရှင်ဆုနှင့် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးကလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲတွင် ပုသိမ်တက္ကသိုလ် ဘာသာရပ်အသီးသီးမှ ကာယဗလမောင် ရှစ်ဦးနှင့် ကာယအလှမယ် ၂၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ဝန်ထမ်းအိမ်ရာများနှင့် Container Houses များတွင် နေရာချထားမှု လှည့်လည်ကြည့်ရှု

နေပြည်တော်   ဩဂုတ်   ၁၇

ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးသည် ဒုတိယစာရင်းစစ်ချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ နေပြည်တော်စာရင်းစစ်ရုံးနှင့် ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုစာရင်းစစ်ချုပ်က နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အဖွဲ့အစည်းစိတ်ဓာတ်ဖြင့် အပြန်အလှန်လေးစားမှုများ ထားရှိဆောင်ရွက်ရေး၊ အဂတိကင်းရှင်းစွာဖြင့် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်ရေး၊ သတင်းအချက်အလက်များ လုံခြုံမှုရှိစေရေး၊ အထက်အောက်အဆင့်ဆင့်ထိတွေ့ပြီး တွေ့ကြုံရသော အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း၍ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။





ထို့နောက် ငလျင်ဘေးဒဏ်ကြောင့် ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးထိခိုက်ခဲ့မှုများနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ရုံးလုပ်ငန်းစီမံဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ နေပြည်တော်စာရင်းစစ်ရုံး ညွှန်ကြားရေးမှူးနှင့် ခရိုင်/မြို့နယ် စာရင်းစစ်ရုံးတာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်နှင့်အဖွဲ့သည် ငလျင်ဘေးဒဏ်သင့်ဝန်ထမ်း ၂၁ ဦးတို့ကို ထောက်ပံ့ငွေများပေးအပ်ကြပြီး ထိခိုက်ပျက်စီးသည့် ဝန်ထမ်းအိမ်ရာများနှင့် Container Houses များတွင် နေရာချထားမှုများကို လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ပမ္မတီး(ရွှေအိုက်)ရပ်ကွက်အတွင်းရှိ ရှမ်းမျိုးနွယ်စု ယာယီတိမ်းရှောင်စခန်းနေမိသားစုများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်




မြစ်ကြီးနား ဩဂုတ် ၁၇

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ပမ္မတီး (ရွှေအိုက်)ရပ်ကွက်အတွင်းရှိ ရှမ်းမျိုးနွယ်စုများ ယာယီတိမ်းရှောင်စခန်းနေ မိသားစုများအား အခြေခံစားသောက်ကုန်များ သွားရောက်ထောက်ပံ့ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် လုံခြုံရေးအခြေအနေအရ နေရပ်စွန့်ခွာတိမ်းရှောင်လာသော ပြည်သူများအား အတတ်နိုင်ဆုံး အမိုးအကာဖြင့် လုံခြုံစွာနေထိုင်နိုင်ရေး၊ စားသောက်မှုအဆင်ပြေစေရေးနှင့် ကျောင်းသားကလေးငယ်များ ပညာစဉ်ဆက်မပြတ်သင်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယနေ့ မိသားစုများအတွက် အခြေခံစားသောက်ကုန်များကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်သည့်အပြင် လိုအပ်သည်များကို တင်ပြကြစေလိုကြောင်း အားပေးပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အဆိုပါယာယီတိမ်းရှောင်စခန်းရှိ အိမ်ထောင်စု ၁၃၆ စုတို့အတွက် စုစုပေါင်းငွေကျပ် ၁၂၃၃၅၂၀၀ တန်ဖိုးရှိ ဆန် ၂၄ ပြည်အိတ် ၁၃၆ အိတ်နှင့် ဆီ ၁၃၆ ပိဿာတို့ကို လည်းကောင်း၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးကကျောင်းသားကလေးငယ် ၁၆၅ ဦးတို့အတွက် ဗလာစာအုပ်နှင့် ကျောင်းသုံးပစ္စည်းများကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များအပေါ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး စခန်းအတွင်းရှိ ယဉ်ကျေးလိမ္မာ ဓမ္မစကူးလ်သင်တန်းမှ ကလေးငယ်များအတွက် အာဟာရကျွေးမွေးစရိတ်အဖြစ် ငွေကျပ် ၁၀ သိန်းနှင့် ယာယီအိပ်ဆောင်များ ပြုပြင်တိုးချဲ့ဆောက်လုပ်နိုင်ရေး အတွက် ငွေကျပ် ၁၀ သိန်းတို့ကို ထောက်ပံ့ပေးအပ်ပြီး စခန်းအတွင်း ရေဝပ်ဧရိယာဖြစ်ပေါ်နေမှု အခြေအနေများနှင့် နန်းကွေ့ချောင်းရေတိုက်စားမှုကို ကြည့်ရှုစစ်ဆေးကာ စခန်းအတွင်း ရေဝပ်သည့်နေရာများ သဲကျောက်ခင်းပေးနိုင်ရေးနှင့် ချောင်းရေတိုက်စားမှုကို ကွင်းဆင်းဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



# သနပ်ပင်မြို့နယ်၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေး

သနပ်ပင်   ဩဂုတ်   ၁၇

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ မီးသတ်ဦးစီးမှူး ဦးဟိန်းမင်းနှင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးမျိုးနိုင်တို့ဦးဆောင်၍ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်း တောင်ဘက်ကမ်းကျောင်း၌ စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေးအသိပညာပေး ဟောပြောသရုပ်ပြသခဲ့သည်။

အခမ်းအနားတွင် မီးသတ်ဦးစီးမှူး ဦးဟိန်းမင်းက ကျောင်းသားကျောင်းသူများအား မီးဘေးဆိုင်ရာအသိပညာများ စိမ့်ဝင်ပျံ့နှံ့စေရေးအတွက် မီးဘေးအသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟိန်းမင်းနှင့် တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများအား လက်တွေ့မီးငြိမ်းသတ်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

# နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



**နေပြည်တော် ဩဂုတ် ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၄၂ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၃၃ ဦးတို့အား ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့် ပတ်သက်၍ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသူ ၃၀ တို့အား ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့်ထုတ်ပေး

ရန်ကုန်   ဩဂုတ်   ၁၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော ရွှေလင်ပန်းစက်မှုဇုန်ရှိ Shu San စက်ရုံမှ အာမခံအလုပ်သမား ဦးဇော်နိုင်ဌေးအား အလုပ်တွင် ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ထုတ်ပေးခြင်း အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးတာဝန်ခံအရာရှိက အလုပ်ရှင်အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့် အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားပြီး လုပ်ငန်းခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်း အကျိုးခံစားခွင့် ခွင့်ပြုငွေကျပ် ၈၃၇၉၀၀၀ အား ကာယကံရှင်ထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **နေမျိုးထွန်း(ရွှေပြည်သာ)**

# ဒီမိုကရေစီစနစ်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်

မင်းခေါင်

၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်မှာ အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်တယ်ဆိုတာကို နိုင်ငံရေးပါးဝသူတိုင်း၊ ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေးကို လေ့လာတီးခေါက်မိသူတိုင်း နားလည်သဘောပေါက်ကြပေမယ့် နယ်တစ်နယ် ဓားတစ်စင်း၊ တစ်တောတစ်ကြက်ဖ စစ်ဘုရင်ဝါဒကို နှစ်ပေါင်းများစွာကိုင်စွဲထားပြီး လက်နက်ကိုင်လမ်းစဉ်ကို သဘောတွေ့နေကြတဲ့ ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ကတော့ ရွေးကောက်ပွဲကို လက်မခံတဲ့သဘောထားတွေကို ထုတ်ဖော်ပြောနေတာ ကြားရပါတယ်။

ဒါဖြင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဘယ်လိုလုပ်ငန်းစဉ်နဲ့ သွားမလဲ၊ ဘယ်လိုချဉ်းကပ်လုပ်ဆောင်ရမလဲလို့ မေးခွန်းထုတ်ပြန်ရင်လည်း သူတို့မှာ တိတိကျကျ၊ ရေရေရာရာအဖြေမရှိပါဘူး။ စစ်အာဏာရှင်စနစ် ပြုတ်ကျရေး၊ လက်နက်ကိုင်တော်လှန်ရေး စသည်ဖြင့် မရေမရာ ဝေဝေဝါးဝါးနဲ့ပဲ အဆုံးသတ်သွားတာပါပဲ။

ဒါပေမဲ့ တကယ့်မြေပြင်အနေအထားအရကတော့ နိုင်ငံရေးပြဿနာကို နိုင်ငံရေး နည်းလမ်းနဲ့ အဖြေရှာကြရမယ့်အစား စစ်ဘောင်ကိုပဲ တွင်တွင်ချဲ့ပြီး ဖော်ဆောင်နေခဲ့ကြတဲ့အတွက် ဒေသခံတိုင်းရင်းသားပြည်သူတွေမှာ မြောက်မြားစွာသော အသက်အိုးအိမ် စည်းစိမ်တွေ ဆုံးရှုံးနေကြရပါတယ်။

ဒီအတွက် တစ်ခုတည်းသော လမ်းကြောင်းကတော့ နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ ဒေသခံတို့ရဲ့ အနာဂတ်အကျိုးစီးပွားကို အာမခံနိုင်သော ဒီမိုကရေစီရဲ့ သဘောတရားအရ မတူတာတွေကို ဆွေးနွေးညှိနှိုင်း၊ တူတာတွေကို အတူတကွတွဲလုပ်နိုင်မယ့် လွှတ်တော်နိုင်ငံရေးလမ်းကြောင်းသာ ဖြစ်ပါတယ်။

> ❛ “ရွေးကောက်ပွဲဖြစ်မြောက်မှုမရှိစေရေး ပြည်တွင်းပြည်ပမှ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာမည့်သူများ၊ အဖွဲ့အစည်းများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်မှု မရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လာနိုင်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့်အပေါ် ထောက်ခံအားပေးသည့် အပြုသဘောဆောင်သည့် နိုင်ငံများရှိသကဲ့သို့ ရွေးကောက်ပွဲအပေါ် စောဒကတက်သည့်နိုင်ငံများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေးဆောင်ရွက်သွားရမည် ❜

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ ပထမအကြိမ် ကျင်းပခဲ့တဲ့ ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတုန်းကလည်း ထိုစဉ်က အတိုက်အခံပါတီဟာ **“နှီးဘုတ်”**ဆိုတဲ့ ကြွေးကြော်သံနဲ့ ရွေးကောက်ပွဲကို ကျော်ခိုင်းခဲ့ပေမယ့် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာတဲ့ လွှတ်တော်နိုင်ငံရေးနဲ့အတူ မြန်မာ့ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအပေါ် အသိအမှတ်ပြုထောက်ခံလာတဲ့ ကမ္ဘာ့အခြေအနေကြောင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ထိုမှ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံတော်ရဲ့တာဝန်တွေကို ထမ်းဆောင်ခွင့်ရခဲ့တာပဲ မဟုတ်ပါလား။

## နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိ

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာတော့ အာဏာရပါတီဟာ မဲမသမာမှုကတစ်ဆင့် ပေါ်ပေါက်လာတဲ့ နိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းရမယ့်အစား လွှတ်တော်ခေါ်ယူပြီး နိုင်ငံတော်ရဲ့အာဏာကို အဓမ္မရယူဆောင်ရွက်မှုမှ အစပြုပြီး တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာခဲ့ပြီး နိုင်ငံတော်ရဲ့တာဝန်များ ခေတ္တလွှဲပြောင်းထိန်းသိမ်းလိုက်တဲ့အတွက် လွှတ်တော်နိုင်ငံရေးဟာ ခေတ္တရပ်တန့်သွားခဲ့ပါတယ်။ ဒါတွေကို ပြန်လည်တင်ပြပြောဆိုရခြင်းဟာလည်း နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိ၊ နိုင်ငံရေးသံဝေဂ၊ နိုင်ငံရေးသင်ခန်းစာအဖြစ် ပြန်ပြောင်းဆင်ခြင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နဲ့အညီ နိုင်ငံတော်ရဲ့ အာဏာကို ခေတ္တထိန်းသိမ်းခဲ့ခြင်းသာဖြစ်တဲ့အတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော် တာဝန်လွှဲအပ်နိုင်ရေး စတဲ့လုပ်ငန်းစဉ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်ငါးရပ်ထဲမှာ အတိအလင်းထည့်သွင်းဖော်ပြပြီး တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ပါတယ်။

## စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်

လက်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရဲ့ ဦးတည်ချက် ၄ ရပ်မှာလည်း **“နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေး အင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး”**၊ **“ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး”** စသည်ဖြင့် ဆက်လက်ဖော်ပြပါရှိပါတယ်။

ကမ္ဘာက **“မြန်မာ့နွေဦး”**လို့ တင်စားခေါ်ဝေါ်ရလောက်အောင် ညင်သာတဲ့ မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကိုလည်း တပ်မတော်က ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့အတူ ဖော်ဆောင်ပေးခဲ့တဲ့ နိုင်ငံရေးအခင်းအကျင်းအရ ယခုဒီဇင်ဘာလမှာကျင်းပမယ့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဟာလည်း ခေတ္တရပ်တန့်သွားခဲ့ရတဲ့ လွှတ်တော်နိုင်ငံရေးလမ်းကြောင်းကို မကြာမီ သက်ဝင်နိုးထလာစေမှာ ဖြစ်ပါတယ်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဩဂုတ်လ ၁၂ ရက်နေ့မှာ နေပြည်တော်မှာ ကျင်းပတဲ့ ကော်မရှင်အစည်းအဝေးမှာ **“ရွေးကောက်ပွဲဖြစ်မြောက်မှုမရှိစေရေး ပြည်တွင်းပြည်ပမှ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာမည့်သူများ၊ အဖွဲ့အစည်းများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့်ရွေးကောက်ပွဲအောင်မြင်မှု မရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လာနိုင်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့်အပေါ် ထောက်ခံအားပေးသည့် အပြုသဘောဆောင်သည့် နိုင်ငံများရှိသကဲ့သို့ ရွေးကောက်ပွဲအပေါ် စောဒကတက်သည့် နိုင်ငံများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျင်းပမည့် ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း”** ရွေးကောက်ပွဲနဲ့ပတ်သက်လို့ သတိထားရမယ့် ကိစ္စတစ်ရပ်အနေနဲ့ ထည့်သွင်းပြောကြားသွားတာကို နိုင်ငံပိုင်သတင်းစာတွေမှာ ဖတ်လိုက်ရပါတယ်။

နိုင်ငံတော်အကြီးအကဲ မိန့်ကြားခဲ့သလို ရွေးကောက်ပွဲဖြစ်မြောက်မှုမရှိစေရေး ပြည်တွင်းပြည်ပမှ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာမည့်သူများ၊ အဖွဲ့အစည်းများလည်း ရှိကောင်းရှိလာနိုင်မှာ ဖြစ်ပါတယ်။

လောကဓမ္မတာအရတော့ အဖြူရှိရင် အမည်းရှိမယ်၊ အကောင်းရှိရင် အဆိုးရှိမှာပါပဲ။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလ ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုရွေးကောက်ပွဲမှာလည်း ရွေးကောက်ပွဲကို သပိတ်မှောက်ကျောခိုင်းတဲ့ အဖွဲ့အစည်းတွေ၊ မင်းသားကြီးမလုပ်ရလို့ ပတ်မကြီး ထိုးဖောက်တဲ့ လူစားတွေရှိခဲ့ကြတာပါပဲ။ ဒါကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **“လာမယ့်ရွေးကောက်ပွဲနဲ့ ပတ်သက်ပြီး ဖျက်လိုဖျက်ဆီးလုပ်ကြမယ်ဆိုတဲ့ လူတွေပေါ်ရင်တော့ အဲဒီလူတွေဟာ တိုင်းပြည်ရဲ့ရန်သူ နံပါတ်တစ်တွေပဲ။ လွတ်လပ်ရေးကို ဆုံးဖြတ်ရမယ့် ရွေးကောက်ပွဲဖျက်ဆီးချင်သူတွေဟာ တိုင်းပြည်ရဲ့ရန်သူပဲ။ ဖျက်လိုဖျက်ဆီးလုပ်ချင်တဲ့လူတွေဟာ ရှေ့လျှောက်ပြီး သူတို့မင်းသားကြီးမလုပ်နိုင်ကြမယ့်အရေးမြင်လို့ ဗမာပြည် ဘာဖြစ်ဖြစ်ဆိုပြီး လုပ်ချင်ကြတဲ့လူတွေပဲ။ လာမယ့်ရွေးကောက်ပွဲကို ဖျက်ချင်တဲ့လူတွေက ဘာဖြစ်လို့ဖျက်ချင်တာလဲ။ တခြားကြောင့် မဟုတ်ဘူး၊ လွတ်လပ်တဲ့မြန်မာပြည်ကြီးမှာ သူတို့တတွေဟာ တစ်သက်လုံး မြုပ်တော့မယ့်အရေးကြီးကိုတွေး၊ တွေးမြင်တိုင်း သူတို့ဟာ မစားရတဲ့အမဲကို သဲနဲ့ပက်ချင်လို့ပဲ”** စသည်ဖြင့် တိုင်းပြု ပြည်ပြုလွှတ်တော်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ရန်ကုန်အသံလွှင့်ရုံကနေ ပြောကြားခဲ့ဖူးပါတယ်။

ငြိမ်းချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လိုကြတဲ့ တိုင်းရင်းသားပြည်သူတွေအနေနဲ့ မိမိတို့လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက်ဆိုရင် လာမယ့်ရွေးကောက်ပွဲမှာ ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

**“ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူများ၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်”**ဆိုတဲ့ လွှတ်တော်နိုင်ငံရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းကြမယ်ဆိုရင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကသာ ကောယနော တစ်ခုတည်းသော၊ တစ်ကြောင်းတည်းသောလမ်း ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့သာ ဖော်ဆောင်နိုင်လိမ့်မယ်လို့ ဆိုပါရစေ။ ။

> ❖ “ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူများ၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်”ဆိုတဲ့ လွှတ်တော်နိုင်ငံရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းကြမယ်ဆိုရင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကသာ ကောယနော တစ်ခုတည်းသော၊ တစ်ကြောင်းတည်းသောလမ်းဖြစ်

# AYA BANK WOMEN'S FUTSAL LEAGUE 2025 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

AYA BANK WOMEN'S FUTSAL LEAGUE 2025 ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ MFF Futsal Stadium သုဝဏ္ဏ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်၊ တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ AYA BANK မှ CEO၊ တာဝန်ရှိသူများနှင့် ပရိသတ်များက ဗိုလ်လုပွဲအဖြစ် YRG FC အသင်းနှင့် YGN CITY အသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။




ထို့နောက် တေးသံရှင်များက သီချင်းများဖြင့် ဖျော်ဖြေခဲ့ကြပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပွဲစဉ်တွင် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများအား အမှတ်တရဆုများကိုလည်းကောင်း၊ ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် MINGALARDON FC အသင်းအား ဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ အကောင်းဆုံးဂိုးသမားဆုရရှိသည့် YRG FC အသင်းမှ ကျောနံပါတ်(၁၂) မသရဖီအောင်အား ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ အကောင်းဆုံးကစားသမားဆုရရှိသည့် YRG FC အသင်းမှ ကျောနံပါတ်(၁၁) မမေဇင်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ စတုတ္ထဆုရရှိသည့် ISPE FC အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ တတိယဆုရရှိသည့် THUNDER TIGRESSES FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း၊ ဒုတိယဆုရရှိသည့် DIVINE FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကိုလည်းကောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြိုင်ပွဲတွင် ပထမဆုရရှိသည့် YRG FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေကို အာရှဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်းကောင်း၊ ချန်ပီယံဆုဖလားကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ဟိုပုံးမြို့နယ်၌ အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၇)နှစ်အောက် T-20 ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

ဟိုပုံး ဩဂုတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်ပညာရေးဌာနနှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၇) နှစ်အောက် T-20 ခရစ်ကက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် ခရစ်ကက်ဝါသနာရှင်များက ဗိုလ်လုပွဲစဉ်အဖြစ် အထက(၁) အမျိုးသမီးအသင်းနှင့် အထက(ခွဲ)ဒုံမေးခိုး အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြရာ အထက(ခွဲ)ဒုံမေးခိုး အမျိုးသမီးအသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်မှ ဖွင့်လှစ်သည့် Level(1)Coaching သင်တန်း တက်ရောက်သည့် သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်နှင့် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။



အဆိုပါ ခရစ်ကက်ပြိုင်ပွဲကို ဩဂုတ် ၁၂ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ပြီး အခြေခံပညာကျောင်းများမှ အသင်း ၁၀ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**



# ကျုံပျော်မြို့နယ် ပညာရေးမှူးဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ကျုံပျော် ဩဂုတ် ၁၇

မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ ကျောင်းသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၃ နာရီက ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။

အဆိုပါဗိုလ်လုပွဲသို့ ကျုံပျော်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ အဖွဲ့ဝင်(၂) မန်းမြင့်ကြယ်၊ မြို့နယ်ပညာရေးမှူး ဦးသန်းအောင်နှင့် ကျောင်းသား ကျောင်းသူများ၊ ဘောလုံးဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြပြီး ဖုန်-၂ အသင်းနှင့် ဖုန်-၄ အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ဖုန်-၄ အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပထမဆုရ ဖုန်-၄ အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဆုငွေကိုလည်းကောင်း၊ ဒုတိယဆု၊ အကောင်းဆုံးဘောလုံးသမားဆု၊ တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားဆုများကိုလည်းကောင်း အားကစားသမားများထံ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဝန်းသိုမြို့၌ အမျိုးသား(အလွတ်တန်း) မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပ

ဝန်းသို ဩဂုတ် ၁၇

မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသား(အလွတ်တန်း) မိုးရာသီဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် နယ်မြေခံတပ်ရင်းရှိ အားကစားကွင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ကောလင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်းက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူကျော်က အမှာစကားပြောကြားသည်။

ဆက်လက်၍ဘောလုံးပြိုင်ပွဲကို ကျင်းပရာ ဗျူဌပူရ-FC အသင်းနှင့် နယ်မြေခံတပ်မှ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဗျူဌပူရ-FC အသင်းက ၅ ဂိုး-၃ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ အမျိုးသား(အလွတ်တန်း) မိုးရာသီဘောလုံးပြိုင်ပွဲကို မြို့မအားကစားကွင်းနှင့် နယ်မြေခံတပ်ရင်း အားကစားကွင်းတို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်လုပွဲကို စက်တင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အပိုင်(၄) မိသားစုငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက အပိုင်(၄)မိသားစုဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးစောအေးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သမဝါယမလုပ်ငန်းစဉ်များ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာနှင့် စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားပြီး သဘာပတိက အတည်ပြုသည်။



ထို့နောက် အသင်းသား ၁၅၀ အား တစ်ဦးလျှင် ဆီ ၅၀ ကျပ်သားနှင့် အခြေခံစားသောက်ကုန်များကို အသင်းသားလက်ဆောင်အဖြစ် ပေးအပ်ပြီး စုဆောင်းပေါ်အတိုးများကို ပေးအပ်ကြကြောင်း သိရသည်။

**နေမျိုးအောင်**

# မိတ္ထီလာခရိုင်အတွင်း နို့စားနွား၊ အသားတိုး ဝက်နှင့် ဆိတ် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ကြစေရေး အားပေးကူညီ

**နေပြည်တော် ဩဂုတ် ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယမန်နေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် ပျဉ်သာကျေးရွာရှိ ပုဂ္ဂလိက အသားတိုးဝက် မွေးမြူရေးခြံနှင့် သာစည်မြို့နယ် ကုန်းတောင်းကျေးရွာရှိ ပုဂ္ဂလိက အသားတိုးဝက် မွေးမြူရေးခြံများသို့သွားရောက်၍ လက်ရှိအသားတိုးဝက် မွေးမြူထားရှိမှုနှင့် ထပ်မံတိုးချဲ့မွေးမြူနိုင်ရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ဒေသနေတောင်သူများ၏ တစ်ပိုင်တစ်နိုင်မွေးမြူရေးကို စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများအဖြစ် အားပေးမြှင့်တင်ရာတွင် ပူးပေါင်းဆောင်ရွက်ကြရန်၊ မျိုးမြှင့်တင်ခြင်း၊ မျိုးပွားခြင်းနှင့် မျိုးဖြန့်ဖြူးခြင်းလုပ်ငန်းများကို တစ်ပါတည်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



အလားတူ မိတ္ထီလာမြို့နယ် ထမုန်ကန်အုပ်စု ညောင်ပင်သာကျေးရွာရှိ "ကောင်းထက်စံ" နို့စားနွားမွေးမြူရေးခြံတွင် မွေးမြူရေးတိရစ္ဆာန်အစာ နေဗီယာ ပတ်ချောင်း ၂၈ ဧက၊ မွန်ဘာဆား ငါးဧက စိုက်ပျိုးထားရှိမှု၊ နို့စားနွားထီး၊ နို့စားနွားမ၊ နွားလတ်၊ နွားငယ်များနှင့် နို့ပေးနွားမကြီး မွေးမြူထားရှိမှု၊ ဒိန်ချဉ်၊ နို့ဆီ၊ နို့စိမ်း ထုတ်လုပ်ဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ မွေးမြူရေး အထောက်အကူပြုဆေးဝါးများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ဆိတ်မွေးမြူရေး သုတေသနနှင့် မျိုးထိန်းမျိုးပွားခြံတွင် ဒေသမျိုးရင်းများဖြစ်သော ထိန်စမ်းနှင့် ဂျိတ်နီဆိတ်မျိုးများ အသားထုတ်လုပ်မှု ကောင်းမွန်စေရန်၊ မျိုးစပ်မျိုးပွားထုတ်လုပ်နိုင်ရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့နယ် ဝန်ဇင်း(၃) ပြည်ထောင်စုတိုးချဲ့ရပ်ကွက်ရှိ R.F.C Co.,Ltd. ၏ ဆိတ်အကောင်ရေ ၁၀၀၀ နှင့် သိုးအကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှုကို လည်းကောင်း၊ ကျောက်ဖြူကုန်းအုပ်စု ဆူးဖြူကွက်ကျေးရွာရှိ THAN ZAYAR Co.,Ltd. ဆိတ်မွေးမြူရေးခြံ၏ ထိန်စမ်းနှင့် ဂျိတ်နီဆိတ်မျိုး အကောင်ရေ ၇၀၀ မွေးမြူထားရှိမှုနှင့် ဈေးကွက်သို့ ဖြန့်ဖြူးပေးနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးထွက်ကုန်များ ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိစေရန်နှင့် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အချိန်အခါမဟုတ် ကန်ဖော်ရောင်းချမှုကြောင့် ပုံမှန်မွေးမြူထုတ်လုပ်ရောင်းချမှု ကွင်းဆက်ပြတ်လပ်သွားနိုင်

**ရန်ကုန် ဩဂုတ် ၁၇**

ငါးဈေးကွက်သို့ အချိန်အခါမဟုတ် ကန်ဖော်ရောင်းချမှုကြောင့် ပုံမှန်မွေးမြူထုတ်လုပ်ရောင်းချမှု ကွင်းဆက်ပြတ်လပ်နိုင်သည့်အပြင် ရေရှည်တွင် ဝယ်ယူစားသုံးမှုကိုလည်း ထိခိုက်နိုင်ကြောင်း ရန်ကုန်မြို့ လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးမှ သိရသည်။



ရေငန်ထွက်ကုန် စတင်ဝင်ရောက်ခဲ့သည့် ဇူလိုင်လ ပထမပတ်မတိုင်မီ ရေချိုထွက်ကုန်များ ဈေးကောင်းခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ငါးကန်များသည် ဈေးကောင်းရရှိခြင်း၊ ဆက်လက်မွေးမြူမှု အစာစရိတ်ချွေတာလိုခြင်းနှင့် ရာသီဥတုကြောင့် ငါးကန်များ ပျက်စီးဆုံးရှုံးမှုကို ရှောင်ရှားလိုခြင်းတို့ကြောင့် အချိန်မရောက်မီ ငါးကန်များကို ဖော်ကြရာ အရွယ်မတိုင်မီငါးများ ရွှေပိတောက်ငါးဈေးနှင့် ဗဟိုစံပြငါးဈေးသို့ ဝင်ရောက်လာခြင်းဖြစ်သည်။

"အရင်လို ဆိုဒ်ကြီးအရွယ်အထိ မမွေးတော့ဘဲ ဆိုဒ်သေးတွေ ဈေးကွက်ကို ပို့နေတာကြာပြီ။ သူတို့အတွက်မြတ်ပြီး အခြားကုန်ကျစရိတ်တွေလည်း လျှော့ချရာ ရောက်တယ်။ ဒါပေမယ့် အရင်လို စားသုံးမှုနဲ့ ထုတ်လုပ်မှု ပုံမှန်အတိုင်း လည်ပတ်တော့မှာ မဟုတ်တဲ့အတွက် ငါးထုတ်လုပ်မှု ကွင်းဆက်ပြတ်သွားနိုင်ပါတယ်။ ပုံမှန်အတိုင်းဆိုရင် ၁၀ လ၊ တစ်နှစ်မွေးပြီးမှ ထုတ်လုပ်တာကို လေး၊ ငါးလနဲ့ ထုတ်ရောင်းလာကြတာပါ။ ပုံမှန်ရာသီအလိုက် မွေးမြူထုတ်လုပ်တာ မဟုတ်တော့တဲ့အတွက် ဈေးကွက်နဲ့ ထုတ်လုပ်မှုကို ထိခိုက်နိုင်တယ်။ ပုံမှန်အချိန်မဟုတ်ဘဲ ကန်ဖော်ရောင်းချပြီး ပြန်မွေးရတာကြောင့် ရာသီအလိုက် ဈေးကွက်ထဲကိုဝင်နေတဲ့ ငါးဝင်ရောက်မှုလည်း ပျက်သွားနိုင်တယ်။ ဒါကြောင့် မွေးမြူထုတ်လုပ်မှုလျော့ကျတာ၊ အချိန်အခါမဟုတ်ဘဲ ကန်ဖော်ရောင်းချတာတွေဟာ ပုံမှန်မွေးမြူထုတ်လုပ်ရောင်းချမှု ကွင်းဆက်ပြတ်လပ်သွားနိုင်တဲ့အတွက် ရေချိုထွက်ကုန်ဈေးကွက် အတွက်သာမက ရေချိုထုတ်လုပ်မှုကိုလည်း ထိခိုက်နိုင်ပါတယ်" ဟု ရွှေပိတောက်ငါးဈေးသာယာရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

ငါးဈေးကွက်သို့ ဆိုဒ်သေးငါးများ ဝင်ရောက်မှုများလာခြင်းကြောင့် ပြည်ပပို့ ကုန်ဆိုဒ်ကြီး မွေးမြူမှု ၂၀ ရာခိုင်နှုန်းကျော် လျော့ကျလာကြောင်း၊ ငါးဆိုဒ်အသေးများ ကန်ဖော်၍ ၄/၅ လက်မ အရွယ်မျိုးငါးများ ပြန်လည်စိုက်ထည့်ရာတွင် ဝယ်မရခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းတို့ကြောင့် ငါးမွေးမြူမှု လျော့ကျလာခြင်းသည် ငါးဈေးနှုန်း အမြင့်ဈေးတွင် ရပ်တန့်နေမှုကို ဖြစ်စေသည့် အကြောင်းရင်းတစ်ရပ် ဖြစ်ကြောင်း သိရသည်။

ရွှေပိတောက်ငါးဈေးသို့ ယခင်က တစ်ရက်လျှင် ရေထွက်ကုန် ပိဿာချိန် ငါးသိန်း ဝင်ရောက်ခဲ့ရာမှ ယခုအခါ ကုန်ချိန် သုံးသိန်းခန့်သာ ဝင်ရောက်လျက်ရှိရာ ရင်းနှီးမတည်ငွေ မြင့်မားလာမှုကြောင့် ကုန်ချိန် ၁၀၀ ရောင်းချရာမှ ကုန်ချိန် ၃၀ သို့ လျှော့ချရောင်းချခြင်းနှင့် လက်ကားရောင်းချရာ မြို့နယ်ဈေးများ၌ ငါးဈေးနှုန်းကို မြှင့်၍ ရောင်းချမှုသည်လည်း စားသုံးသူ၊ ဈေးကွက်နှင့် မွေးမြူထုတ်လုပ်မှုကို ထိခိုက်လာနိုင်ကြောင်းနှင့် ရေထွက်ကုန်ဝင်ရောက်မှု လျော့ကျမှုကြောင့် ဝယ်လိုအားများလာမှုကို ကုစားနိုင်ရန် ငါးသေးဆိုဒ်များ ထုတ်လုပ်ရောင်းချမှုသည် ရေရှည်တွင် ရေထွက်ကုန် ပုံမှန်လည်ပတ်မှုကို ထိခိုက်နိုင်၍ ထုတ်လုပ်ရောင်းချမှု ကွင်းဆက်ကိုလည်း ပြတ်လပ်သွားနိုင်ကြောင်း ရွှေပိတောက်ငါးဈေးမှ ရေထွက်ကုန်ဖြန့်ချိသော လုပ်ငန်းရှင်များက သုံးသပ်ထားသည်။

**သတင်း - သစ္စာ(MNA)**

**ဓာတ်ပုံ - ဖွဲ့မာန်**

# ထားဝယ်မြို့၌ ငါးပိ၊ ငါးခြောက်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

**ထားဝယ် ဩဂုတ် ၁၇**

တနင်္သာရီ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနနှင့် ထားဝယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ဒေသတွင်ပေါများစွာ ထွက်ရှိသော ငါးပိ၊ ငါးခြောက် အခြေခံ တန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ထားဝယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးမြင့်နိုင်က အမှာစကား ပြောကြားသည်။

သင်တန်းတွင် တာဝန်ရှိသူများက ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှ သင်တန်းသူ ၁၅ ဦးအား စားသောက်ကုန် တာရှည်ခံဓာတု ဆေးဝါးများ အကြောင်း၊ မန်းကျည်းသီးငါးပိကြော်၊ မရမ်းပြား ငါးပိကြော်၊ ငံပြာရည်ကြော်၊ ငါးပိထောင်း၊ ငါးပိထောင်းဆီစိမ်၊ ငါးကွမ်းရှပ်၊ သီဟိုဠ်ဆန်ကြော်၊ သီဟိုဠ်ဆန်ငါးပိကြော်၊ အသားတုငါးပိကြော်၊ ငါးနီတူဗာလချောင်ကြော်၊ မြေပဲဆန်ငါးပိကြော် တို့ကို ဩဂုတ် ၂၀ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



# ပုဗ္ဗသီရိမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၇**

နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မိုးရာသီကာလတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ ဗုဒ္ဓဟူးနှင့် စနေနေ့တို့တွင် အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နဝဒေးရပ်ကွက်ရှိ အဆင့်မြင့်အိမ်ရာ ဓမ္မာရုံနှင့် အေးမြင့်သာယာရပ်ကွက်ဓမ္မာရုံတို့၌ ဆောင်ရွက်သည်။

ဦးစွာ ဇေယျာသီရိခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်ကျော်က အမှာစကားပြောကြားပြီး ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိမ့်သိမ့်ထွေးက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ ရောဂါလက္ခဏာများ၊ ကြိုတင်ကာကွယ်ရန်နှင့် ဖြစ်ပွားပါက ဆောင်ရွက်ရန် နည်းလမ်းများကို အသိပညာပေးပြောကြားကာ တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်နှင့် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်မြို့နယ် မော်စာကျေးရွာ၌ တက်နေထွန်းစာကြည့်တိုက်ဖွင့်ပွဲနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပဲခူး ဩဂုတ် ၁၇

ပြည်မြို့နယ် မော်စာရွာကျေးရွာ၌ "တက်နေထွန်း" စာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့ တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာ ဝန်ကြီး၊လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က "တက်နေထွန်း" စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများက စာကြည့်တိုက်အတွင်းသို့ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သုတ၊ ရသ စာအုပ်စာဆောင်များနှင့် အလှူငွေကျပ်သိန်း ၃၀ ပေးအပ်ခဲ့ကာ မျိုးဆက်သစ်လူငယ်များ၊ ကျောင်းသားကျောင်းသူများ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတတိုးပွား၍ လိမ္မာယဉ်ကျေးသည့် လူတော်လူကောင်းများဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးရခြင်းဖြစ်၍ လူငယ်များ စာကြည့်တိုက်သို့ လာရောက်စေရေး အလေးထားစည်းရုံးဆောင်ရွက်ရန်နှင့် စာကြည့်တိုက်အား ပိတ်ရက်မရှိဖွင့်လှစ်ပေးထားရန် စာကြည့်တိုက်ကော်မတီဝင်များအား လမ်းညွှန်မှာကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်မြို့နယ် လက်သည်းရေကန် (ခ)သုံးပန်လှကျောင်းဝင်း အတွင်းရှိ နှစ်ထပ်အုတ်ကျောင်းဆောင်အား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံနေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ရှေးယခင်အတိုင်း မြန်မာမှုလက်ရာများဖြင့် ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ပြင်ဆင်ရာတွင် ခိုင်ခံ့မှုရှိရန်လည်း ဦးစားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့် အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး ပြင်ဆင်လျက်ရှိသည့် နှစ်ထပ်အုတ်ကျောင်းအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် သရေခေတ္တရာပျူမြို့ဟောင်းအတွင်းရှိ ကြက်တူရွေးတောင်၌ မျှော်စင်တည်ဆောက်ထားမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မျှော်စင်ပတ်ဝန်းကျင်၌ သဘာဝသစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်တစ်ခုထားရှိရန်၊ တောင်အတက်/အဆင်းလမ်းများ ကောင်းမွန်မှုရှိစေရေး ဆောင်ရွက်ရန်၊ မျှော်စင်၌တင်ဆင်ထားသည့် လှေကားများ ပြန်လည်ပြင်ဆင်ရန်နှင့် ပျူမြို့ဟောင်းအတွင်းရှိ အထင်ကရနေရာများကို မျှော်စင်မှ မြင်တွေ့နိုင်သည့် ပုံစံငယ်နှင့် မြေပုံလမ်းညွှန်များထားရှိရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## အင်းစိန်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ရသစာပေထွန်းကားရေး စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်) မြို့နယ်စာပေဥယျာဉ် (Book Club)အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းပြုလုပ်သော စာဖတ်ရှိန်မြှင့်တင်ရေး၊ ရသစာပေထွန်းကားရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်းက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်) လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

### အမှာစကားပြောကြား

စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် အခမ်းအနားမှူးအဖြစ် အသင်းအတွင်းရေးမှူး ဦးသန်းထိုက်ရွှေ(ရွှေမော်သန်းထိုက်)က ဆောင်ရွက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်) မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်၊ အသင်းနာယကဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)နှင့် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့် (တော်မြင့်-ငှက်ဖျား)တို့က အမှာစကားများ ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသော မြို့နယ်စာရေးဆရာအသင်းဝင်များနှင့် မြို့နယ်စာပေဥယျာဉ်အသင်းဝင်များဖြစ်ကြသည့် မြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်နွဲ့မူ (ခင်နွဲ့မူ-အင်းစိန်)က စာရေးဆရာကြီး မြသန်းတင့် မြန်မာဘာသာပြန်ထုတ်ဝေခဲ့သည့် ကမ္ဘာကျော်စာရေးဆရာကြီး မောရစ်ကောလစ်ရေးသားသည့် "ဧကရီဖွားစော"အမည်ရှိ စာအုပ်ကို ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသည့် ရန်နောင်(ပညာရေး)၊ မောင်သာတင့်(မြန်အောင်)၊ လှလှမြင့်(ပိန္နဲကုန်း)နှင့် ကိုခွန်မြင့်သူတို့က သိလိုသည်များကို မေးမြန်းဆွေးနွေးအမြင်ချင်းဖလှယ်ကြကာ အသင်းနာယက ဦးသက်တင်(မောင်သာတင့်-မြန်အောင်)က ကျေးဇူးတင်စကားပြောကြား၍ အသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှူခင်း)က နိဂုံးချုပ်စကားပြောကြားပြီး ဦးဆောင်ဆွေးနွေးသူများကို အသင်းတာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## ကော့သောင်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID ကတ်ပြားများ ဆောင်ရွက်ပေး

ကော့သောင်း ဩဂုတ် ၁၇

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခြင်းနှင့် UID ကတ်ပြားများ ဆောင်ရွက်ခြင်းကို ယမန်နေ့က ကော့သောင်းမြို့နယ် ၈ မိုင်ကျေးရွာ ဝေနေယျာသုခပရဟိတကျောင်း၌ ကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကော့သောင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူးဦးကိုကိုနိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးချမ်းမြေ့ဇေဦးတို့က ပန်းခင်းစီမံချက်(၃)ဖြင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသော နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက်



ပေးအပ်ကြပြီး ဒုလဝကမှူး ဦးအောင်ကိုလတ်နှင့်အဖွဲ့တို့က Smart Card (UID )ကတ်ပြားများ တစ်ပါတည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေး

ပေါက်ခေါင်း ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ မြန်မာအီလက်



ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ပေါက်ခေါင်းမြို့နယ် အထက(အိုးဘိုကုန်း)ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပေါက်ခေါင်းမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဦးစီးအရာရှိ ဒေါ်ခင်ချောမြင့်က မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အသုံးပြုနည်းများကို ရှင်းလင်းဆွေးနွေးပြောကြားရာ တက်ရောက်လာသူများက သိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးကြပြီး မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် တစ်ဦးချင်း လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## ရေတာရှည်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် မဲပေးနည်း လက်တွေ့သရုပ်ပြ

ရေတာရှည် ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) နှင့် မဲပေးနည်း လက်တွေ့သရုပ်ပြ မဲပေးခြင်းကို ဩဂုတ် ၁၆ ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ် ရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူတစ်ဦးက မြန်မာအီလက်ထရောနစ် မဲပေးစက်အကြောင်း အသေးစိတ်ရှင်းလင်းပြီး တက်ရောက်လာကြသော မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ စာရေးများ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၀၀ ခန့် တက်ရောက်ကြပြီး လက်တွေ့စမ်းသပ် မဲပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ တက်ရောက်လာသော ပြည်သူများက သိလိုသည့်အကြောင်းအရာများ မေးမြန်းခဲ့ရာ မြို့နယ်ရွေးကောက်ပွဲအရာရှိက ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ခရီးသွားပါ အကျိုးများမှာ

မိုးသားလေး(ဟိုတယ်/ခရီး)


တောတောင်သဘာဝ အလှတရားများဖြင့် ပြည်တွင်း ပြည်ပခရီးသွားများကို ဆွဲဆောင်လျက်ရှိသည့် ကရင်ပြည်နယ်မှ ဇွဲကပင်တောင်။

မြန်မာတို့၏ နေ့စဉ်ဘဝတွင် စကားပုံများ၊ ဆိုရိုးစကားများသည် အရေးပါသော အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ မည်သည့်ဘာသာစကားတွင်မဆို သာမန်စကားလုံးများဖြင့် ပြောခြင်းထက် စကားပုံ၊ ဆိုရိုးစကားတစ်ခုကို အသုံးပြုပြောဆိုခြင်းက ပိုမိုထိရောက်မှုရှိကြောင်း ဘာသာစကား လေ့လာသူများက လက်ခံထားကြသည်။

မြန်မာတို့၏ ဘိုးစဉ်ဘောင်ဆက်လက်ဆင့်ကမ်းအမွေပေးခဲ့ကြသည့် မြောက်မြားစွာသော စကားပုံများ၊ ဆိုရိုးစကားများက လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးမှစ၍ အိမ်ထောင်ရေးအထိ အသိပညာပေး ဆုံးမသွန်သင်လျက်ရှိသည်။ ထင်ရှားသောစကားပုံများ၊ ဆိုရိုးများစွာတွင် **“သွားပါများ၊ ခရီးရောက်”** ဟူသည် မြန်မာတို့နှင့် ရင်းနှီးကျွမ်းဝင်သော မောင်ပေါက်ကျိုင်းရာဇဝင်ပါ ထင်ရှားလှသည့် စကားပုံဆိုရိုးတစ်ရပ်ဖြစ်သည်။

ခရီးသွားပါများလာပါက မိမိရောက်ရှိလိုသောနေရာသို့ မလွဲမသွေ ဆိုက်ရောက်နိုင်မည်ဖြစ်ကြောင်း ဆိုလိုရင်းဖြစ်သော်လည်း ခရီးသွားကဏ္ဍဘက်မှ စဉ်းစားလျှင် ပိုမိုနက်ရှိုင်းသည့် အဓိပ္ပာယ်များ ပါဝင်နေသည်ကို တွေ့ရသည်။ ခရီးများများသွားခြင်းဖြင့် မိမိရောက်ရှိလိုသော နေရာဒေသသို့ရောက်ရှိခြင်းအပြင် ထိုဒေသမှ အတွေ့အကြုံအသစ်များ၊ ဗဟုသုတများ၊ အသိအမြင်သစ်များကိုပါတိုးပွားရရှိလာနိုင်သည်။ ခရီးသွားခြင်းဖြင့် ဘဝ၏ ပျော်ရွှင်မှု၊ အောင်မြင်မှု၊ ဉာဏ်အမြော်အမြင်ရှိမှု၊ ကျေနပ်မှုစသည်တို့နှင့်အတူ အဓိပ္ပာယ်ပြည့်ဝသော ဘဝပန်းတိုင်ကို ရောက်ရှိနိုင်သည်ဟူ၍ ချဲ့ထွင်စဉ်းစားနိုင်သည်။

ကမ္ဘာမြေကြီးတွင် ရှင်သန်ရပ်တည်နေကြသည်မှ မိမိတစ်ဦးတည်း၏ မိသားစုတစ်စုတည်း၊ မိမိမြို့ရွာ တစ်ရွာတည်း၊ မိမိနိုင်ငံတစ်ခုတည်းမဟုတ်ဘဲ အခြားသော လူ့အသိုင်းအဝိုင်း၊ အဖွဲ့အစည်းများ၊ သက်ရှိများ၊ သစ်ပင်ပေါက်ပင်များ၊ ယဉ်ကျေးမှုများစသည်တို့ပါ ဟန်ချက်ညီစွာ ရှင်သန်ဖြစ်တည်နေကြသည်။ ထို့ကြောင့် လူသားတို့သည် မိမိနေထိုင်ရာနေရာပြင်ပရှိ လူမှုဘဝများနှင့် ယဉ်ကျေးမှုများကို လေ့လာသိရှိရန် အရေးကြီးလှသည်။ ခရီးသွားခြင်းဖြင့် အသစ်သစ်သောအရာများအပေါ် အမြင်များကို ပွင့်လင်းလာစေပြီး ကွဲပြားခြားနားသော အတွေ့အကြုံများကို ရရှိစေနိုင်သည်။ ဘဝတွင် သာယာပျော်ရွှင်မှု ပိုမိုရရှိရန်မှာ ခရီးများများသွားရန် လိုအပ်သည်ဟုဆိုရာတွင် အပန်းဖြေခရီးသွားခြင်း၊ ကြိုတင်စီစဉ်ထားသော ခရီးကိုသွားခြင်းတို့အပြင် မိမိတစ်ခါမှ မရောက်ဖူးသေးသော နေရာတစ်ခုသို့ လွတ်လွတ်လပ်လပ် ခရီးသွားခြင်းမျိုးလည်းရှိသည်။ ထူးဆန်းအံ့ဖွယ်များကို သိရှိလို၍ မတူကွဲပြားသော ယဉ်ကျေးမှုများ၊ အစားအစာများကို ခံစားလိုစိတ်များက ခရီးသွားလိုခြင်း၏ အဓိကတွန်းအားများဖြစ်သည်။

**ခရီးသွားခြင်း၏ အကျိုးတရားများ**

လူသားတို့၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတွင် ခရီးသွားခြင်းက အရေးပါသော ရင်းနှီးမြှုပ်နှံမှုတစ်ရပ်ဖြစ်သည်။ လူများ၊ ယဉ်ကျေးမှုများ၊ နေထိုင်မှုပုံသဏ္ဌာန်များကို မိမိနေရပ်တွင် ပုံမှန်နေထိုင်သည်ထက် ခရီးသွားသောအခါ ပိုမိုထိတွေ့ရနိုင်သည်။ ကြုံတွေ့ရသော အသစ်အဆန်းများနှင့် အတွေးအမြင်အသစ်များ၊ မိမိတို့ရှင်သန်မှုနှင့် ကမ္ဘာကြီး၏ ဖြစ်တည်မှုအကြား ဆက်စပ်မှုအပေါ် အမြင်သစ်များ ဖြစ်ပေါ်လာပြီး မိမိဘဝအတွက် လုပ်ဆောင်ရန် ရည်ရွယ်ချက်အသစ်များကို ဖြစ်ပေါ်စေသည်။

မိမိမည်သည်ကို ဆောင်ရွက်ရမည်၊ မိမိဘဝတွင် မည်သည့်အရာများကို လုပ်ဆောင်လိုသည်၊ မည်ကဲ့သို့သော အသက်မွေးမှုအလုပ်ကို လုပ်ခြင်းသည် မည်သည့်ပညာရေးလမ်းကြောင်းကို လေ့လာလိုက်စားလိုသည်တို့ကို ခရီးသွားခြင်းက ရှင်းလင်းစွာ လမ်းပြပေးနိုင်သည်။

**“ခရီးသွားခြင်းတွင် ကောင်းကျိုးများ ရှိနေသည်။ အကယ်၍ ခရီးသွားတစ်ယောက်သည် ပိုမိုကောင်းမွန်သော နိုင်ငံတစ်ခုကို ရောက်ရှိခဲ့ပါက မိမိနိုင်ငံကို မည်သို့ကောင်းမွန်စေရန် လုပ်ဆောင်နိုင်မည်ကို သင်ယူလေ့လာနိုင်ပြီး ဆိုးရွားသောအခြေအနေနှင့် တွေ့ကြုံခဲ့ပါကလည်း အခြေအနေကို နားလည်လက်ခံနိုင်ရန် သင်ယူနိုင်သည်”** ဟု ပညာရှင် Samuel Johnson က ဆိုထားသည်။ မိမိနေရပ်မှ ဝေးသောနေရာတစ်ခု အထူးသဖြင့် လျှပ်စစ်မီးမရှိ၊ ဖိမ်ခံပစ္စည်းများမရှိသော ရွာငယ်တစ်ခုသို့ ရောက်ခဲ့လျှင် မိမိနေရပ်မှ သက်သောင့်သက်သာရှိမှုများကို ပိုမိုသတိပြုမိလာပြီး မိမိနေရပ်ကို မြတ်နိုးချစ်ခင်လာမည်။ အချို့သောနိုင်ငံများတွင် သောက်သုံးရေပင် လုံလောက်စွာ မရရှိသေးသောအခြေအနေများ ရှိနေရာ ယင်းသို့သော နိုင်ငံများသို့ ရောက်ရှိခဲ့ပါက မိမိတို့နိုင်ငံတွင်ရှိနေသောအရာများအတွက် ပိုမိုနှစ်သက်တတ်လာပြီး ချို့တဲ့သူများကို ထောက်ပံ့လိုစိတ် ဖြစ်ပေါ်လာမည်။ ယင်းသို့သော စိတ်နေစိတ်ထားသည်ပင်လျှင် ဘဝ၏ မြင့်မားသော အရည်အသွေးတစ်ရပ် ဖြစ်သည်။

ပညာရှင် Lin Yutan က **“ခရီးသွားခြင်း၏ အလှတရားကို အိမ်ပြန်ရောက်၍ မိမိတို့၏ ရင်းနှီးပြီးဖြစ်သော ခေါင်းအုံးအဟောင်းလေးပေါ်တွင် ခေါင်းတင်မှေးစက်အနားယူချိန်အထိ သတိပြုမိသူ ရှားလှသည်”** ဟု ဆိုထားသည်။ ခရီးသွားပါများလာသောအခါတွင် မိမိနေရပ်သည် မွေးဖွားကြီးပြင်းခဲ့ရာ မြို့တစ်ခု၊ ပြည်နယ်တစ်ခု၊ တိုင်းပြည်တစ်ခုမျှသာ မဟုတ်၊ မိမိ၏ ကမ္ဘာတစ်ခုဖြစ်ကြောင်း၊ လူတစ်ဦးနှင့်တစ်ဦး မည်သို့လိုက်လျောညီထွေစွာ နေထိုင်သွားရန်နှင့် ကူညီသွားရန် လိုအပ်ကြောင်း ပိုမိုသတိပြုမိလာနိုင်သည်။

ခရီးသွားခြင်းဖြင့် လောကကြီးအကြောင်း မိမိကြားဖူးထားသော၊ ယခင်နားလည်ယုံကြည်ထားသော အကြောင်းအချက်တချို့သည် လက်ရှိအခြေအနေနှင့် လွန်စွာကွဲပြားခြားနားနေကြောင်း သိရှိလာနိုင်သည်။ ကနဦးသိရှိထားသော ဒဏ္ဍာရီပုံပြင်များစွာသည် ခရီးသွားခြင်းကြောင့် ကွယ်ပျောက်ကုန်ကြသည်။ ခရီးသွားခြင်းသည် အလွန်ငွေကုန်ကြေးကျများသည်၊ အန္တရာယ်များသည်ဟု ထင်ထားခဲ့လျှင်လည်း အမှန်တကယ်ခရီးထွက်ကြည့်သောအခါမှ အကုန်အကျသက်သာစေရန် မည်သို့ချွေတာနေထိုင်နိုင်ကြောင်း၊ မိမိအိမ်မှာနေခြင်းထက် ကုန်ကျစရိတ်သက်သာစေရန် မည်သို့နေထိုင်နိုင်ကြောင်း၊ မိမိမသိကျွမ်းဖူးခဲ့သည့် သူစိမ်းများနှင့် မည်သို့ခင်မင်စွာ ပေါင်းသင်းနေထိုင်နိုင်ကြောင်းကိုလည်း လေ့လာသိရှိနိုင်သည်။ မိမိသွားရောက်ခဲ့သောနေရာတိုင်း၊ မိမိတွေ့ဆုံခဲ့သော လူတိုင်း၊ မိမိတွေ့ကြုံခဲ့ရသော ယဉ်ကျေးမှုတိုင်းမှတစ်ဆင့် ကမ္ဘာလောကကြီးကို လေ့လာခွင့်ရရှိသောအခါ လောကကြီးအကြောင်း မိမိသိရှိထားသည်မှာ လွန်စွာနည်းပါးသေးသည်ကို နားလည်လာနိုင်သည်။

ထို့ကြောင့်လည်း **“ကမ္ဘာကြီးသည် စာအုပ်တစ်အုပ်ဖြစ်ပြီး ခရီးမသွားသူသည် ထိုစာအုပ်ကို တစ်မျက်နှာမျှသာ ဖတ်သူဖြစ်သည်”** ဟု Saint Augustine က တင်စားဖွင့်ဆိုခဲ့ခြင်းဖြစ်သည်။ မိမိမည်သည့်အခြေခံမှ ပေါက်ဖွားကြီးပြင်းလာခဲ့သည် ဖြစ်စေ လူသားတိုင်းသည် (၁) သေချာမှုဟူသော ထိခိုက်နာကျင်ခြင်းမှ ရှောင်လွှဲ၍ ပျော်ရွှင်မှုရယူလိုသောလိုအပ်ချက်၊ (၂) မသေချာမှု/ အမျိုးကွဲပြားမှုဟူသော ကြိုမသိထားသည့် အပြောင်းအလဲ၊ လှုံ့ဆော်မှုကို လိုအပ်ချက်(၃) ထင်ရှားမှုဟူသော မိမိရှင်သန်မှုသည် လောကအတွက် ထူးခြားသည်၊ အရေးပါသည်၊ မိမိရှင်သန်ရန် လိုအပ်ချက်(၄) ဆက်သွယ်မှု/ မေတ္တာ ဟူသော တစ်စုံတစ်ယောက်၊ တစ်စုံတစ်ရာနှင့် နီးစပ်လိုသော၊ ပေါင်းစည်းလိုသော ပြင်းပြသည့် စိတ်ဆန္ဒလိုအပ်ချက်၊ (၅) ဖွံ့ဖြိုးမှုဟူသော မိမိအရည်အချင်း၊ အရည်အသွေးနှင့်တတ်သိနားလည်မှုကို ချဲ့ထွင်လိုသော လိုအပ်ချက်နှင့် (၆) ပါဝင်ဆောင်ရွက်မှုဟူသော အခြားသူများကို ကူညီခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ ထောက်ပံ့ပေးခြင်းတို့တွင် ပါဝင်ဆောင်ရွက်လိုသော လိုအပ်ချက် စသည့် လိုအပ်ချက်(၆)ရပ်တို့ မျှဝေနေကြသည်သာ ဖြစ်သည်။ ခရီးများများသွားလာလေ ထိုအချက်ကို သတိပြုမိလာလေဖြစ်လာကာ မည်သည့်အခြေခံမှ ပေါက်ဖွားကြီးပြင်းလာသည့် လူများနှင့်မဆို ပေါင်းသင်းဆက်ဆံလာနိုင်မည်ဖြစ်သည်။ **“ခရီးသွားခြင်းက တရားမျှတမှု၊ အယူသီးမှုနှင့် စိတ်ဓာတ်ရေးရာကျဉ်းမြောင်းမှုတို့ကို သုတ်သင်ချေမှုန်းပစ်နိုင်သည်”**ဟူသော Mark Twin ၏ အဆိုကဤအချက်ကို ထင်ရှားစေသည်။

**“ခရီးတစ်ခုသွားခဲ့သည့် ခရီးမိုင်အကွာအဝေးနှင့်မဟုတ်ဘဲ တွေ့ဆုံရင်းနှီးခဲ့ရသည့် မိတ်ဆွေများနှင့် တိုင်းတာခြင်းက အကောင်းဆုံးဖြစ်သည်”**ဟု Time Cahill က ဆိုထားသည်။ တစ်ခါတစ်ရံတွင် မိမိပုံမှန်နေထိုင်ရာမှ၊ ပုံစံတကျနေထိုင်မှုပုံစံမှ ခွဲထွက်၍ မိမိအကြောင်းကို မသိသော သူစိမ်းများနှင့် ပွင့်လင်းစွာဆက်ဆံရသည်မှာ ကြည်နူးပျော်ရွှင်ဖွယ်ဖြစ်သည်။ ရိုးသားဖြူစင်ခြင်း၊ ပကတိအတိုင်း ဆက်ဆံခြင်းတို့က လူအများအား အရှိကိုအရှိအတိုင်း နေထိုင်ဆက်ဆံရန် တွန်းအားတစ်ရပ်ဖြစ်သည်။ လူအများနှင့် နာရီအနည်းငယ် တွေ့ကြုံဆက်ဆံရခြင်းကလည်း ဘဝတွင် အကောင်းဆုံး မိတ်ဆွေများကို ရရှိစေနိုင်သည်။

**စာမျက်နှာ ၁၁ သို့**

> **“ခရီးသွားခြင်းတွင် ကောင်းကျိုးများရှိနေသည်။ အကယ်၍ ခရီးသွားတစ်ယောက်သည် ပိုမိုကောင်းမွန်သော နိုင်ငံတစ်ခုကိုရောက်ရှိခဲ့ပါက မိမိနိုင်ငံကို မည်သို့ကောင်းမွန်စေရန် လုပ်ဆောင်နိုင်မည်ကို သင်ယူလေ့လာနိုင်ပြီး ဆိုးရွားသောအခြေအနေနှင့် တွေ့ကြုံခဲ့ပါကလည်း အခြေအနေကို နားလည်လက်ခံနိုင်ရန် သင်ယူနိုင်သည်” ဟု ပညာရှင် Samuel Johnson က ဆိုထားသည်။ မိမိနေရပ်မှ ဝေးသောနေရာတစ်ခု အထူးသဖြင့် လျှပ်စစ်မီးမရှိ၊ ဇိမ်ခံပစ္စည်းများမရှိသော ရွာငယ်တစ်ခုသို့ ရောက်ခဲ့လျှင် မိမိနေရပ်မှ သက်သောင့်သက်သာရှိမှုများကို ပိုမိုသတိပြုမိလာပြီး မိမိနေရပ်ကို မြတ်နိုးချစ်ခင်လာမည်**



ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်

ဒုတိယပတ် - ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်

တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်

စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်

# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေးသီတင်းပတ် ပြည်နယ်အဆင့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ

တောင်ကြီး ဩဂုတ် ၁၇

၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ် ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းသားကျောင်းသူများက "ဘဝတွက်တာ ကျောင်းကျန်းမာ" သီချင်းဖြင့် သရုပ်ဖော်တင်ဆက်ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် "ကိုယ်ဝန်ဆောင်ကာလ အာဟာရပြည့်ပြည့်ဝဝစားကြစို့" ဗီဒီယိုကို ပြသသည်။

**ပေးအပ်**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေးသီတင်းပတ် စာစီစာကုံးပြိုင်ပွဲ၊ အာဟာရချက်ပြုတ်ပြိုင်ပွဲနှင့် မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲတို့တွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသူများ၏ Exercise is Medicine သီချင်းဖြင့် သရုပ်ဖော်တင်ဆက်မှုကို ကြည့်ရှုအားပေးကာ ပြည်နယ်လူမှုရေးရာဝန်ကြီးက ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ကလေးများအား အင်အားပြည့်ဗီတာမင်အေဆေးတိုက်ကျွေးနေမှု၊ သန်ချဆေးတိုက်ကျွေးနေမှု၊ ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်ဆောင်အားတိုးဆေးပေးနေမှု၊ သံဓာတ်ဆေးပြားပေးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

○ စာမျက်နှာ ၁၀ မှ

အမြဲရှင်သန်လှုပ်ရှားနေသော ဘဝတစ်ခုကို အမြဲပိုင်ဆိုင်နိုင်ရန်မှာ ခရီးသွားရန် လိုအပ်ပါသည်။ လူသားတို့သည် ပြောင်းလဲမှုကို တပ်မက်သည့်နည်းတူ လှုပ်ရှားမှု၊ ရွေ့လျားမှုအသစ်တစ်ခုကြုံလိုက်တိုင်း အသိအမြင် တိုးတက်လာသည်။ တစ်နေရာတည်းတွင် အစဉ်အမြဲနေထိုင်ခြင်းထက် ရွေ့လျားသွားလာနေခြင်းက ဘဝရှင်သန်ခြင်း၏ အဓိပ္ပာယ်ကို ပိုမိုလေးနက်စေသည်။

**လူတွေဘာကြောင့်**
**ခရီးများများသွား**

လောကကြီး၏ သဘာဝကို ထပ်ကာထပ်ကာ လေ့လာဖော်ထုတ်လိုခြင်း၊ အပန်းဖြေအနားယူလိုခြင်း စသည်တို့ကြောင့် လူသားတို့ ခရီးအလီလီ သွားနေကြသည်။ ကမ္ဘာ့သမိုင်းတွင်ထင်ရှားကြီးကျယ်သူများမှ စူးစမ်းရှာဖွေသူများ၊ ခရီးသွားများဖြစ်ကြသည်။ အီတလီကုန်သည်ကြီး မာကိုပိုလို (Marco Polo)သည် ၂၄ နှစ်ကြာ ခရီးသွားလာခဲ့ပြီး ဥရောပသားများကို အာရှအလယ်ပိုင်းဒေသနှင့် တရုတ်ပြည်တို့အကြောင်း မိတ်ဆက်အသိပေးနိုင်ခဲ့သည်။

The Marvels of the World စာအုပ်ကိုရေးသားခဲ့သည့် ခရစ်စတိုဖာကိုလံဘတ်စ် (Christopher Columbus) သည် နှစ်ပေါင်းများစွာ ခရီးဆန့်ခဲ့ပြီး စူးစမ်းရှာဖွေမှု အမြောက်အမြား ပြုလုပ်ခဲ့ကာ အမေရိကန်တိုက်ကို တွေ့ရှိဖော်ထုတ်ခဲ့သည်။

ထို့အတူ အမေရိကန် စာရေးဆရာကြီးများဖြစ်ကြသော မာခ်တွိန်း (Mark Twain)နှင့် အားနယ်စထ်ဟယ်မင်းဝေး (Ernest Hemingway) တို့သည်လည်း ဘဝတစ်လျှောက်လုံးတွင် အသစ်သစ်သောအရာများကို စမ်းသပ်လုပ်ကိုင်ခြင်း၊ လောကအသစ်ကိုရှာဖွေခြင်း၊ နေရာအသစ်များသို့ ရွေ့လျားသွားလာခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။

ခရီးသွားလာခြင်းဖြင့် မိမိရှင်သန်ခြင်းသည် ပိုမိုသက်ဝင်လှုပ်ရှားမှုရှိသည်ဟု ခံစားမိကြမည်ဖြစ်သည်။ အထူးသဖြင့် စက်ဘီးစီးခရီးသွားခြင်း၊ တောင်တက်ခြင်း၊ စွန့်စားခရီးစဉ်များသွားခြင်းတို့က မိမိတို့ဘဝ ရှင်သန်မှုပုံစံကို ရှင်လန်းတက်ကြွမှုဖြင့် ပြည့်ဝစေသည်။ သဘာဝတောတောင် လျှိုမြောင်များအကြား ဖြတ်သန်းသွားလာခြင်း၊ ရွက်ဖျင်တဲဖြင့်



စခန်းချခရီးသွားခြင်း (Camping) တို့ဖြင့် ဘဝကို အစစ်အမှန်ရှင်သန်နေထိုင်ခြင်းဟူသော စိတ်ခံစားမှု၊ ကမ္ဘာမြေကြီးနှင့် တစ်သားတည်းကျမှု စသည့် ကျေနပ်နှစ်သိမ့်ခြင်းကို ရရှိစေနိုင်သည်။ သာယာလှပသော နေဝင်ချိန်ရှုခင်းကို ငေးမောကြည့်ရှုရခြင်းသည် လည်းကောင်း၊ လွန်ခဲ့သော နှစ်ပေါင်းများစွာက လူသားတို့ ပြုလုပ်တည်ဆောက်ခဲ့သည့် ရှေးဟောင်းအမွေအနှစ်လက်ရာအပြိုအပျက်များကို မြင်တွေ့ရခြင်းသည်လည်းကောင်း ထူးဆန်းသော စိတ်ခံစားချက်ကို ရှိစေပြီး အတွေးအမြင်သစ်များကို ဖြစ်ပေါ်စေနိုင်ပါသေးသည်။

မိမိတို့၏ နေ့တိုင်းလုပ်ရိုးလုပ်စဉ် လုပ်ငန်းများ၊ စိတ်သောကများ၊ ပိုင်ဆိုင်မှုများကို နောက်ချန်ထားခဲ့ပြီး နေရာဒေသအသစ်တွင် လူသစ်များနှင့် တွေ့ဆုံခင်မင်ရင်းနှီးရခြင်း၊ အသစ်အဆန်း စွန့်စားခန်းများကို ဆောင်ရွက်ခွင့်ရခြင်းတို့သည် ခရီးသွားခြင်း၏ ဆုလာဘ်များပင်ဖြစ်သည်။ နိစ္စဓူဝကိစ္စဖြင့် ပိတ်လှောင်မွန်းကျပ်နေသည့်ဘဝမှ ခဏတာလွတ်မြောက်ခြင်းဟု ဆိုအပ်သော ခရီးသွားခြင်းသည် လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် အခြားသော လူသားတို့ဘဝ လုပ်ဆောင်ဖွယ်များကို အင်အားပြည့်ထမ်းဆောင်နိုင်ရန် ပြန်လည်အားဖြည့်ခြင်းလည်းဖြစ်သည်။ ခရီးသွားခြင်း၏ အကျိုးကို ပိုမိုသတိပြုမိလာကြခြင်းကြောင့် နိုင်ငံတကာ ခရီးသွားလာသူဦးရေမှာလည်း လျင်မြန်စွာ တိုးတက်လာခဲ့ရာ ကမ္ဘာ့ကုလသမဂ္ဂခရီးသွားလုပ်ငန်း (UN Tourism) ၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားဧည့်သည်ဝင်ရောက်မှုအနေဖြင့် ၁ ဒသမ ၃ ဘီလီယံ ဝင်ရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းဝင်ငွေအနေဖြင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံအထိ ရရှိခဲ့ကြောင်း ခန့်မှန်းထားသည့်အတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ကိုဗစ် - ၁၉ ကပ်ရောဂါမတိုင်မီအခြေအနေထက် ကျော်လွန်သွားမည့်အနေအထားကို တွေ့မြင်နေရပြီဖြစ်ပါသည်။ ထိုသို့ ရလဒ်ကောင်းများကို ထွက်ပေါ်စေသည့် အဓိကအကြောင်းအချက်များမှာ ပြင်းပြသည့် ခရီးသွားလိုအား ( Travel Demand) ဆက်လက်တိုးတက်ဖြစ်ပေါ်နေမှုနှင့် ဗီဇာ အစရှိသည့် ဝင်/ထွက်သွားလာမှု လွယ်ကူချောမွေ့စေရန် ဖြေလျှော့ပေးမှုများကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ နိုင်ငံတကာ ခရီးသွားဧည့်သည်ရောက်ရှိမှုအရ ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် ၁ ဒသမ ၂၈ သန်း ဝင်ရောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဝင်ရောက်ခဲ့သည့် နှစ်သိန်းသုံးသောင်းကျော်နှင့် နှိုင်းယှဉ်ပါက လေးဆခွဲ တိုးတက်လာပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ မေလအထိ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု လေးသိန်း သုံးသောင်းကျော်ရှိခဲ့သည့်အတွက် ယခင်နှစ် အလားတူကာလအတွင်း ခရီးသွားဧည့်သည်ရောက်ရှိမှု နှစ်သိန်းလေးသောင်းကျော်နှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ၇၄ ဒသမ ၂၆ ရာခိုင်နှုန်းအထိ သိသိသာသာတိုးတက်လာသည်ဖြစ်ပါသည်။ ထိုနည်းတူစွာပင် မြန်မာနိုင်ငံသားများ၏ ပြည်တွင်းပြည်ပ ခရီးသွားခြင်းအလေ့အထများ တိုးတက်လာသည်ကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိနေရပါသည်။

စာပေအမျိုးအစားများတွင် ခရီးသွားစာပေသည် အဆင့်မြင့်စာပေအမျိုးအစားတစ်ခုအဖြစ် ကမ္ဘာ့စာပေလောကတွင် အခိုင်အမာရပ်တည်လျက်ရှိသည်။ နေရာတစ်ခုသို့ ကိုယ်တိုင်မသွားခဲ့ဖူးသော်လည်း ထိုနေရာဒေသအကြောင်း စုံစုံလင်လင်လေ့လာခွင့်ရရှိသည်မှာ ခရီးသွားရင်း လေ့လာပြုစုခဲ့ကြသော စာပေပညာရှင်များ၏ အပင်ပန်းခံကြိုးစားအားထုတ်မှုကျေးဇူးတို့ကြောင့်ဖြစ်သည်။ စာပေဖတ်ရှုခြင်းသည် အသိပညာ၊ ဗဟုသုတများကိုရရှိနိုင်သည့်နည်းတူ နေရာဒေသတစ်ခုသို့ ကိုယ်တိုင်ရောက်ရှိခြင်းက စာဖြင့်ရေးသားဖော်ပြထားခြင်းမရှိသေးသောသီးခြားအကြောင်းအရာအသစ်များကို သိရှိနိုင်ရန် ထူးခြားသည့်အခွင့်အရေးဖြစ်သည်။ သို့ဖြစ်ရာ အသိဉာဏ်ပညာများ၊ ဗဟုသုတများ အတိုင်းအဆမရှိ ကျယ်ပြန့်လာစေရန်လည်းကောင်း၊ လူသားမျိုးစုံ၊ အစားအစာမျိုးစုံ၊ အတွေ့အကြုံအဖုံဖုံတို့ကို ကိုယ်တိုင်ကိုယ်ကျ ထိတွေ့နားလည်ခံစားနိုင်ရန် လည်းကောင်း၊ အမြဲရှင်သန်လှုပ်ရှားနေသော ဘဝတစ်ခုကို ပိုင်ဆိုင်ခွင့်ရရန်လည်းကောင်း အခြေအနေပေးပါက ခရီးသွားခြင်းအလေ့အထကို ပြုစုပျိုးထောင်သင့်ပါသည်။

သို့ဖြစ်၍ ယခုပွင့်လင်းရာသီအခါသမယတွင် ခရီးများများသွားခြင်းဖြင့် အပြောကျယ်လှသော ကမ္ဘာကြီးနှင့် ဘဝ၏အဓိပ္ပာယ်ကို ရှာဖွေဖော်ထုတ်နိုင်ကြပါစေကြောင်း ဆန္ဒပြုလျက် ခရီးသွားပါများက ဘဝပန်းတိုင်ခရီးကို အောင်မြင်စွာရောက်ရှိနိုင်ခြင်းအား မောင်ပေါက်ကျိုင်းရာဇဝင်က အထင်အရှားညွှန်းဆိုနေမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲ အခမ်းအနား ကျင်းပ



နေပြည်တော် ဩဂုတ် ၁၇

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများကို ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်နှင့် သံဃာတော်များအား စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် ဦးဆောင်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိကြီး တစ်ဦးက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃဝန်ဆောင် လယ်ဝေးမြို့ မြို့ဦးသံလမ်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇနထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

နေပြည်တော် လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၂၁၈ သိန်း ၈ သောင်း၊ ဆန် ၇၄၇ အိတ်၊ ဆီ ၃၁၈ ပိဿာ ၂၀ ကျပ်သား၊ ပဲ ၂၁၈၂ ပိဿာ၊ ဆား ၂၁၈၂ ပိဿာ၊ ဆေးမျိုးစုံ ၉၃၆ ဘူးတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစု အတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခုဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာနေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံကဇာတ်ရုံကြီး(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- **ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး**<br>**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**<br>၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- **ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂)**<br>**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**<br>၀၉ ၇၆၅၂၆၂၆၇၉

## တပ်ကုန်းမြို့နယ်၌ ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

တပ်ကုန်း ဩဂုတ် ၁၇



ပြည်ထောင်စု နယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ရွှေမြို့ကျေးရွာအုပ်စု ရွှေမြို့ကြီး ဂိုဏ်းထောက်ဘုန်းတော်ကြီးသင်ပညာကျောင်း ယဉ်ကျေးမှုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ကာ ဆရာတော် ဘဒ္ဒန္တဝိစက္ခဏထံမှ ငါးပါးသီလခံယူပြီး အလှူရှင်မိသားစုက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ရွှေမြို့ကြီးဂိုဏ်းထောက်ဘုန်းတော်ကြီးသင်ပညာကျောင်းအုပ် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥာဏိဿရိယက ဩဝါဒစကားချီးမြှင့်ကာ နယ်လှည့်ဓမ္မကထိကဆရာတော် ဘဒ္ဒန္တဓမ္မပါလက လှူဒါန်းအစုစုတို့ကို ရေစက်သွန်းချ အမျှဝေပေးခဲ့သည်။

အဆိုပါ အခမ်းအနားအပြီးတွင် ရွှေမြို့နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ထွန်းနိုင်ဝင်းက မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပြီး ရွှေမြို့ကြီး ဂိုဏ်းထောက်ဘုန်းတော်ကြီးသင်ပညာကျောင်းတွင် တနင်္ဂနွေနေ့တိုင်း ဗုဒ္ဓဓမ္မယဉ်ကျေးမှုသင်တန်းကို ဩဂုတ် ၁၇ ရက်မှ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**



## ပြင်ဦးလွင်မြို့ ပညာဝတီသီလရှင်စာသင်တိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

ပြင်ဦးလွင် ဩဂုတ် ၁၇

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များက ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သောအဖွဲ့နှင့် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီက ပြင်ဦးလွင်မြို့နယ် အင်သာကျေးရွာရှိ ပညာဝတီ သီလရှင်စာသင်တိုက်၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ အထွေထွေသမားတော်၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မျက်မှန်အထူးကုဆရာဝန်၊ ဓာတ်မှန်အထူးကုဆရာဝန်၊ မျက်မှန်ကျွမ်းကျင်၊ ဓာတ်ခွဲကျွမ်းကျင်၊ အကြောအဆစ်ကျွမ်းကျင်နှင့် ဆေးဝါးကျွမ်းကျင်အဖွဲ့တို့က သီလရှင် ဆရာကြီး၊ ဆရာလေးများ စုစုပေါင်း အပါး ၆၀ တို့အား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ဆေးဝါးများ လှူဒါန်းကြသည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မမနှင့် တာဝန်ရှိသူများက ဆန်၊ ဆီ၊ ကြက်ဥချောင်း၊ မုန့်မျိုးစုံ၊ ခေါက်ဆွဲခြောက်နှင့် ကြက်ဥတို့ကို တာဝန်ခံကျောင်းတိုက်ဆရာကြီးထံသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## သဃ်န်းကျွန်းမြို့နယ် GEC ပညာရေးသမဝါယမ အသင်းလီမိတက် အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၇




ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် GEC ပညာရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌဆရာကြီး ဦးထလာချမ်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အသင်း၏ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ပုံနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းအုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဌေးက ဖတ်ကြားတင်သွင်းပြီး အသင်းသားတစ်ဦးက ထောက်ခံအဆိုပြု၍ အသင်းသားများက သဘောတူအတည်ပြုကြသည်။

ဆက်လက်ပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးအောင်စိုးက သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော အသင်းသားများအား အစုအပေါ်အမြတ်ငွေခွဲဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အင်ဒိုနီးရှားနိုင်ငံ၌ မဂ္ဂနီကျူ ၆ ဒသမ သုည အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်



ဂျကာတာ ဩဂုတ် ၁၇

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း ဆူလာဝီဆီ ပြည်နယ်တွင် ယနေ့နံနက်ပိုင်းက မဂ္ဂနီကျူ ၆ ဒသမ သုညအဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ အနည်းဆုံး ၂၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသား သဘာဝဘေး စီမံခန့်ခွဲရေး အေဂျင်စီ (BNPB) က ကြေညာချက် ထုတ်ပြန်ခဲ့သည်။

ဒေသစံတော်ချိန် နံနက် ၅ နာရီ ၃၈ မိနစ်တွင် ပိုဆိုအုပ်ချုပ်ရေးဒေသ၏ အနောက်မြောက်ဘက် ၁၈ ကီလိုမီတာအကွာ ကုန်းတွင်းပိုင်းသို့ ဗဟိုပြု၍ လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒအေဂျင်စီက ပြောကြားသည်။

မာဆာနီ၊ တိုကိုရန်ဒို၊ တိုဝူ၊ ပီနီဒါပါ၊ တန့်ကူရာနှင့် လာပီကျေးရွာများအပါအဝင် ပိုဆိုအုပ်ချုပ်ရေးဒေသရှိပြည်သူများက ငလျင်လှုပ်ခတ်မှုကို ၁၅ စက္ကန့်ကြာ ခံစားရပြီး ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြောင်း သိရသည်။

ပိုဆိုဒေသဆိုင်ရာ သဘာဝဘေးစီမံခန့်ခွဲမှု အေဂျင်စီသည် မြေပြင်အနေအထားကို စောင့်ကြည့်လျက်ရှိပြီး ဒေသဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ငလျင်လှုပ်ခတ်မှုကြောင့် လက်ရှိအချိန်အထိ ၂၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အနီးဝန်းကျင်ရှိ ဆီဂျီအုပ်ချုပ်ရေးဒေသရှိ ပြည်သူများကလည်း ငလျင်လှုပ်ခတ်မှုကို ခုနစ်စက္ကန့်ခန့် ခံစားခဲ့ရကြောင်းနှင့် ထိခိုက်သေဆုံးမှု သို့မဟုတ် ပျက်စီးမှုမရှိကြောင်း သိရသည်။

အမျိုးသား သဘာဝဘေး စီမံခန့်ခွဲရေး အေဂျင်စီ အကြီးအကဲ ဆူဟာရန်တိုက အရေးပေါ်တုံ့ပြန်မှုအစီအမံများနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၎င်း၏အဖွဲ့အား ညွှန်ကြားထားသည်။

အရေးပေါ်တုံ့ပြန်မှုအစီအမံများတွင် ဆေးဘက်ဆိုင်ရာအကူအညီ၊ ရွက်ဖျင်တဲများ ထောက်ပံ့ပေးခြင်းနှင့် အချက်အလက်စုဆောင်းခြင်းများ ပါဝင်သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်ဒေသ၌ အစာရေစာပြတ်လပ်မှုကြောင့် ကလေးငယ် ၁၀၀ ကျော် သေဆုံး

ဂါဇာစီးတီး ဩဂုတ် ၁၇



ဂါဇာကမ်းမြောင်ဒေသ ပါလက်စတိုင်းပိုင်နက် နယ်မြေအတွင်း အစာရေစာပြတ်လပ်မှုကြောင့် ကလေးငယ် ၁၀၀ ကျော် သေဆုံးခဲ့ကြောင်း ဂါဇာကမ်းမြောင်ဒေသရှိ ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

အငတ်ဘေးနှင့် အာဟာရချို့တဲ့မှုကြောင့် သေဆုံးသူပေါင်း ၂၅၁ ဦးရှိပြီး ယင်းတို့အနက် ကလေးငယ် ၁၀၈ ဦးပါဝင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂါဇာအလယ်ပိုင်း ဒါအယ်လ်ဘာလာရှ်မြို့ရှိ ပါလက်စတိုင်းဒုက္ခသည်များအတွက် ကုလသမဂ္ဂ အေဂျင်စီမှ ဦးစီးဖွင့်လှစ်သည့် ဆေးခန်း၌ ဆရာဝန်များနှင့် သူနာပြုများက ကလေးများအား အာဟာရချို့တဲ့ခြင်းရှိမရှိ စစ်ဆေးနေကြကြောင်း အင်န်အိတ်ချ်ကေ သတင်းအေဂျင်စီ၏ ဂါဇာကမ်းမြောင်ရုံးမှ သတင်းထောက်တစ်ဦးက ပြောကြားသည်။

အာဟာရချို့တဲ့သည့် ကလေးငယ်များအား အာဟာရဖြည့်စွက်စာများ ကျွေးမွေးလျက်ရှိသည်။

သို့သော်လည်း အစ္စရေး၏ အစားအစာ ပို့ဆောင်မှုအပေါ် ကန့်သတ်ချက်များကြောင့် ငတ်မွတ်နေသော ကလေးငယ်များကို ကုသရန် ရိက္ခာမလုံလောက်ကြောင်း ကျန်းမာရေး ဝန်ထမ်းများက ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်တစ်ဝန်း၌ ပြင်းထန်သောအာဟာရချို့တဲ့သည့် အသက် ၅ နှစ်အောက် ကလေးငယ်များ၏ ပမာဏသည် မတ်လတွင် ၅ ရာခိုင်နှုန်းအထိ ရှိခဲ့သော်လည်း ဇူလိုင်လကုန်တွင် ၁၃ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း ကုလသမဂ္ဂအေဂျင်စီက ပြောသည်။

ကလေးသူငယ်များ၏ အခြေအနေ တိုးတက်ကောင်းမွန်လာစေရန် အပစ်အခတ်ရပ်စဲရေး အမြန်ဆုံး ရရှိရန် မျှော်လင့်ကြောင်း ကျန်းမာရေး ဝန်ထမ်းများက ပြောကြားသည်။

အပစ်အခတ်ရပ်စဲရေးမရရှိဘဲ ဂါဇာသို့ ထောက်ပံ့ရေးပစ္စည်းအမြောက်အမြား ယူဆောင်၍ မရနိုင်ကြောင်း ပါလက်စတိုင်းဒုက္ခသည်များအတွက် ကုလသမဂ္ဂအေဂျင်စီမှ ကျန်းမာရေးညွှန်ကြားရေးမှူး ဆီတာအာကီဟီရိုက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# သီရိလင်္ကာနိုင်ငံက ပြည်ပနိုင်ငံများနှင့် လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များ ချုပ်ဆိုရန် စီစဉ်ဆောင်ရွက်မည်

ကိုလံဘို ဩဂုတ် ၁၇

သီရိလင်္ကာနိုင်ငံသည် ပြည်ပနိုင်ငံများနှင့် လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များကို အများအပြားချုပ်ဆိုရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကာ ပြည်ပပို့ကုန်နှင့် နိုင်ငံခြားဝင်ငွေရရှိရေး ဆောင်ရွက်မည်ဖြစ်ကြောင်း စက်မှုလုပ်ငန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ချန်သူရန်ဂါ အဗေဆင်ဂီက ပြောကြားသည်။

ပြည်ပပို့ကုန်ကဏ္ဍအားကောင်းစေရေးအတွက် ဈေးကွက် အမျိုးအစားအမျိုးစုံသို့ ပို့ကုန်တင်ပို့မှုမြှင့်တင်မည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။ ကုန်သွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ရေးကွင်းဆက်များအား ကောင်းမည်ဖြစ်ပြီး ပို့ကုန်အမျိုးအစားမျိုးစုံကို တင်ပို့မှုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အစိုးရအနေဖြင့် လက်ရှိအချိန်တွင် ပို့ကုန်များ၏တန်ဖိုး မြင့်တက်စေရေးနှင့် အရည်အသွေး ပြည့်မီသည့် ကုန်ပစ္စည်းများကို တင်ပို့ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

ယမန်နှစ်အတွင်း က အထည်အလိပ်တင်ပို့မှုမှ ဝင်ငွေ ကန်ဒေါ်လာ ငါးဘီလီယံရရှိခဲ့ကာ ၂၀၃၀ ပြည့်နှစ်အရောက်တွင် အထည်အလိပ်တင်ပို့မှုမှ ဝင်ငွေ ကန်ဒေါ်လာ ရှစ်ဘီလီယံအထိ ရရှိရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# စစ်ရေးအင်အားတောင့်တင်းစေခြင်းဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မည်ဟု အမေရိကန်ပြောကြား

ဝါရှင်တန် ဩဂုတ် ၁၇

စစ်ရေးအင်အား တောင့်တင်းစေရန် ဆောင်ရွက်ခြင်းဖြင့် ကျူးကျော်မှုများကို တားဆီးနိုင်မည်ဖြစ်ကာ ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မည်ဟူသည့် နိုင်ငံခြားရေးမူဝါဒကို အမေရိကန်နိုင်ငံက ကျင့်သုံးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတထရမ့်က ပြောကြားသည်။

၎င်း၏ပြောကြားချက်ကို ဒုတိယကမ္ဘာစစ်ပြီးဆုံးသည့် နှစ် ၈၀ ပြည့်အထိမ်းအမှတ်အဖြစ် လွှင့်တင်သည့် အိမ်ဖြူတော်ဝက်ဘ်ဆိုက်တွင် ရေးသားထားသည်။

ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်တပ်မတော်သား တစ်သိန်းကျော် ပစိဖိတ်ဒေသတွင် ကျဆုံးကြောင်း ထရမ့်က ပြောကြားသည်။ ဒုတိယကမ္ဘာစစ်အတွင်း ကျဆုံးခဲ့သည့်တပ်မတော်သားများအား ဂုဏ်ပြုကြောင်းနှင့် ၎င်းတို့၏ဆောင်ရွက်ချက်ကြောင့် ကမ္ဘာကြီး ပျက်စီးမည့်ဘေးမှ ကယ်တင်နိုင်ခဲ့ကြောင်း ထရမ့်ကပြောကြားသည်။ ယခုရရှိခဲ့သည့် ငြိမ်းချမ်းရေးသည် စွန့်လွှတ်စွန့်စားမှုများဖြင့် ရရှိခဲ့ခြင်းဖြစ်ကာ ရရှိခဲ့သည့် ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်ရမည်ဟု ၎င်းက ပြောကြားသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# တရုတ်နိုင်ငံ မြောက်ပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွား

ပေကျင်း ဩဂုတ် ၁၇



တရုတ်နိုင်ငံ မြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယမန်နေ့က ရုတ်တရက် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ရှစ်ဦး သေဆုံးပြီး လေးဦး ပျောက်ဆုံးနေကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ယနေ့ သတင်းထုတ်ပြန်သည်။

ဩဂုတ် ၁၆ ရက် ည ၁၀ နာရီခန့်တွင် အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဘာယန်နာမြို့၌ ရေကြီးရေလျှံမှု စတင်ဖြစ်ပွားခဲ့ပြီး ၁၃ ဦး ပျောက်ဆုံးခဲ့သည်။

ယနေ့ နံနက် ၁၀ နာရီတွင် လူတစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ရာ ရှစ်ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးနေကြောင်း အတည်ပြုခဲ့သည်။

ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးနှင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ


ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

နေပြည်တော် ဩဂုတ် ၁၇

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်တွင် အကောက်ခွန် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၁၈၂၇၉)ကို လည်းကောင်း၊ တော်ဝင်ဆိပ်ကမ်းတံတား၌ ကုန်သေတ္တာတစ်လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၃၂၀၈၂၀၄၈) ကိုလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၀၀၃၂၇)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၁၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာ Royal စားသောက်ဆိုင်အနီး၌ ယာဉ်လေးစီးပေါ်မှ တရားမဝင်ကျွန်းသစ် ၁၉ ဒသမ ၁၂၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၂၈၉၄၄)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Canter Truck နှစ်စီး၊ Isuzu Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၀၀၀၀၀၀၀)ကိုလည်းကောင်း၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ် (၅)လမ်း Regency ဂက်စ်ဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၁ ဒသမ ၇၉၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၃၀၁၅၂)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကို လည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၀၅၉၀၉၆) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၆၃၁ တန်၊ သစ်မာ ၁ ဒသမ ၀၄၁ တန်၊ အခြား ၄ ဒသမ ၇၆၄ တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၂၀၇၃၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ အကျော်ရေဝန်းကျေးရွာအနီး၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ် ၁၂ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၅၈ မျိုး၊ လူသုံးကုန်ပစ္စည်း အမျိုး ၂၀၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၇၄၉၆၃၉၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီး၊ Nidi Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Dong Feng Tractor Head သုံးစီး၊ Shacman Tractor Head နှစ်စီး၊ Howo Sino Tractor Head တစ်စီး၊ Man Tractor Head တစ်စီး၊ Sany Tractor Head တစ်စီး နှင့် နောက်တွဲယာဉ်ရှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၇၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံ စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၅၀၀၀၀)ကို လည်းကောင်း (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၄၆၅၄၆၃၉၈) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၁၆ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ရှစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၂၆ စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၅၃၂၆၅၅၁) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စား လုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ အဆိုပါတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အလုံမြို့နယ် လူမှုဖူလုံရေးရုံး၌ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ထုတ်ပေး

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်လူမှုဖူလုံရေးအဖွဲ့ရုံး၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူငွေကြေး အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ဩဂုတ် ၁၃ရက် နံနက်ပိုင်းတွင် အလုံမြို့နယ် လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက အလုံမြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသော သင်းရွှေစင်ရွှေဆိုင်မှ အာမခံအလုပ်သမား ဒေါ်ဝေဝေနိုင်၏ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူ ငွေလုံးငွေရင်းအကျိုးခံစားခွင့်ငွေကျပ် ၇၅၀၀၀၀၀ ကို သေဆုံးသူ၏အမျိုးသား ဦးဇော်ဇော်အေးထံသို့ ရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံ (ဒုတိယဦးစီးမှူး)၊ အလုပ်ဌာနမှ တာဝန်ရှိသူများ၏ ရှေ့တွင်ပေးအပ်ခဲ့ကြောင်း သိရသည်။




**ကျော်ဆန်းမြင့်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၈-၂၀၂၅ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | MSME အတွက် |
| ၀၉:၁၀ | သုတပဒေသာစိုက်ပျိုးနည်းပညာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၅ | ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗီသနိုးရှေးဟောင်းယဉ်ကျေးမှုနယ်မြေ |
| ၁၁:၂၅ | ဘဝနှင့်အနုပညာ "**အကယ်ဒမီဖြူးလေး**" (အပိုင်း-၂) |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ (ကိုရီးယား) "**မုသားနောက်ကွယ်**" (အပိုင်း-၂၇) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | မြန်မာဇာတ်လမ်းတွဲ "**အငယ်တန်းမိုး**" (အပိုင်း-၉) |
| ၁၄:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) "**တော်ဝင်စားပွဲ**" (အပိုင်း-၂၂+၂၃) |
| ၁၅:၄၀ | **ကျန်းမာရေးမှူရင်း** (ကျန်းမာရေးအတွက်ထိုင်းရင်းဆေးပညာအစီအစဉ်) |
| ၁၆:၄၀ | The Sports Editors's Top Picks Of This Week |
| ၁၇:၀၅ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၇:၃၀ | This Week's Special Interest |
| ၁၈:၃၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၈:၄၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ (ကိုရီးယား) "**ဟန်ဆောင်အပြုံးနဲ့အမုန်း**" (အပိုင်း-၃) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၁၀ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "**တရုတ်**" "**မှန်တိုင်းတစ်ခုရဲ့နိဂုံး**" (အပိုင်း-၂၀) |
| ၂၂:၃၅ | ရုပ်မြင်သံကြားဇာတ်လမ်း |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy) |
| 07:05 | Taungoo City Travelogue |
| 07:32 | San Lin Tun (Winner) Lose2Win with Andy Season 2 |
| 07:49 | Listening Pleasure, Instrumental Music (Myanmar Harp) Zeyatu Sabba Mingalan |
| 08:01 | News |
| 08:26 | Asia Updates; Women Painting War (Part-A) |
| 08:39 | Myanmar Traditional Food: Mohinga |
| 09:01 | National Museum (Yangon) (Ep-4) |
| 09:22 | Wushu Kids & Their Limit (Ep-1) |
| 09:34 | Discovering Tribes: Enn (Their Life and Customs) |
| 10:01 | News |
| 10:26 | Topical Topics: Thabyuthee or Elephant Apple Curry |

### Me

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ |
| ၀၆:၂၅ | တိုင်းရင်းသားသီချင်း၊ အက (ကယား) |
| ၀၇:၀၀ | မြန်မာသံစဉ်တေးများ |
| ၀၇:၁၅ | မြန်မာဇာတ်လမ်းတွဲ "**အတ္တစေရာ**" (အပိုင်း-၂) |
| ၀၇:၄၅ | "**မိုးစက်လေးများ**" တေးဂီတပျော်ပြွဲ |
| ၀၉:၂၅ | ကာတွန်း "**မိုးကောင်ကြီးဉယျာဉ်စွန့်စားခန်း**" (အပိုင်း-၄၄) |
| ၀၉:၅၀ | စတီရီယိုတေးများ |
| ၁၀:၀၅ | မြန်မာရုပ်ရှင်(ဖြူမည်း) "**မိုးပြုံးချိ**" |

### MRTV NRC

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တောင်ပေါ်သူလေးရဲ့ရှိုးရာဟင်းလျာ

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
မြန်မာ့ရိုးရာလက်မှုပညာပုသိမ်ထီးလုပ်ငန်း

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သမိုင်းဝင်ဘုရင့်ညီနောင်လိုဏ်ဂူတော်အကြောင်း

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ

**ချင်း (ချို) (၁၀:၀၀ မှ ၁၁:၀၀)**
ငွေတောက်ရွက်နှင့်ကျန်းမာရေး

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အသိအခေါ်အဝေါ်)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
မြောက်ဦးဆရာတော်တရားစခန်း

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ပင်လောင်းရှမ်းစက္ကူ

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ပြောင်းဖူးဟင်းရည်ပြုလုပ်နည်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ခြင်းတောင်းရက်လုပ်ခြင်းလက်မှုပညာ

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ဒေါ်လဲဒ္ဓုဂူအကြောင်း

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၀၅ | လှုပ်လှုပ်ရှားရှားအားကစား |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၃၅ | Sports Diary |
| ၁၂:၁၅ | ထူးရှားစုံလင်အာရှဖစ်ဖိတ်အစီအစဉ် |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၈:၄၅ | SPORTS MAX |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ "**အစ္စရေးနိုင်ငံ**" |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "**ဖြူဝင်သောစိတ်ထား**" |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ "**ဆွစ်ဇာလန်နိုင်ငံ**" |
| ၁၀:၃၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း "**အာဖရိကနိုင်ငံ**" (အပိုင်း-၁) |
| ၁၁:၀၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၉၄) |

### MRTV FARMERS' HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | အသေးစားလုပ်ငန်းထူထောင်ရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီသို့ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | How Texas Farmers Use 127 Million Acres Of Farmland - American Farming Documentary |
| ၁၉:၀၀ | License to Farm |
| ၂၀:၀၀ | **ဆူးခက်တွေပျံ့နေကြလမ်းလေးပေါ်မှာ (ဇာတ်လမ်း)** |
| ၂၂:၀၀ | Holidate (**နိုင်ငံခြားဇာတ်လမ်း**) |

### MRTV SPORTS HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၀၀ | အားကစားသတင်း |
| ၀၇:၂၅ | This Sports Editor's Top Picks of this Week |
| ၁၈:၀၀ | MTF President Cup Teqball Open Championship 2025 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မှု |

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးဆိုင်ရာ ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ဖိတ်ခေါ်ခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုပြိုင်ပွဲကို "အဂတိလိုက်စားမှုများတိုက်ဖျက်ဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့" ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ လူငယ်လူရွယ်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ ပြိုင်ပွဲအတွက် စည်းကမ်းသတ်မှတ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ပြိုင်ပွဲဝင်များသည် ၁၀ နှစ်မှ ၁၅ နှစ်၊ ၁၆ နှစ်မှ၂၀ နှစ်၊ ၂၁ နှစ်မှ ၂၅ နှစ်ဟူ၍ အသက်အရွယ်အပိုင်းအခြား(၃)ခုခွဲခြား၍ (တစ်ဦးချင်း သို့မဟုတ် အဖွဲ့လိုက်) လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

( ခ ) ပိုစတာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Hard Copy၊ Soft Copy (၂)စုံပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ myatthujack@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဦးမြတ်သူ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ၀၉-၅၁၆၁၁၂၇ နှင့် ဦးလင်းဝေအောင်၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၃၁၈၅၁၂၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| (၁) Format | JPG A3 (297 x 420 mm) with the correct aspect ratio၊ |
| (၂) Resolution | 300 dpi၊ |
| (၃) File Size | 15 Mb ထက်မပိုစေရ။ ၁၀ file ထက် မပိုရပါ၊ |

(၄) ပိုစတာရေးဆွဲရာတွင် tablet များ၊ stylus များ၊ ကွန်ပျူတာပရိုဂရမ်များ အသုံးပြု၍ ဂရပ်ဖစ်နည်းပညာဖြင့် ဖန်တီးရမည်။

(ဂ) ပန်းချီနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ ပန်းချီ(မူရင်း)နှင့်အတူ Hard Copy (၂)စုံနှင့် Soft Copy CD (၁)ချပ် ပြုစု၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၅၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ Website: www.moculture.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါက်တာလဲ့လဲ့အောင်၊ ညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ၀၉-၅၁၉၄၁၁၂ နှင့် ဒေါ်နန်းရတနာထွန်း၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၅၁၂၃၅၂၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| (၁) File Submission Format | JPG၊ A3 (297x420 mm) with correct aspect ratio၊ |
| (၂) Resolution | 300 dpi၊ |
| (၃) File Size | 15 Mb ထက်မပိုစေရ၊ ၁၀ file ထက် မပိုရပါ။ |

(၄) ပန်းချီရေးဆွဲရာတွင် Pencil၊ Felt-tip Pen၊ Crayons၊ Paints၊ Sketch Markers၊ Sepia၊ Sanguine၊ Charcoal၊ Ink၊ Capillary Pen စသည့်ကိရိယာများအသုံးပြု၍ ရေးဆွဲနိုင်သည်။ အီလက်ထရောနစ်ပစ္စည်းများအသုံးပြု၍ ရေးဆွဲခြင်းမပြုရ။

(ဃ) ဗီဒီယိုနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါသတ်မှတ်ချက်များနှင့်အညီ Soft Copy (CD) ၂ ချပ်ပြုစု၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၇၊ နေပြည်တော်သို့ ၃၁-၈-၂၀၂၅ ရက်နေ့ (၁၆:၀၀)နာရီမတိုင်မီ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ၊ ms.khinmoeou@gmail.com သို့ e-mail ဖြင့်ဖြစ်စေ ပေးပို့နိုင်ပါသည်။ အသေးစိတ်အချက်အလက်နှင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန၏ www.mrtv.gov.mm နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ Website: www.accm.gov.mm တို့တွင် အခမဲ့ Download ရယူနိုင်ပြီး ဒေါ်ခင်မိုးဦး၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ၀၉-၅၁၀၉၆၈၅၀ နှင့် ဒေါ်ဇာဇာမိုး၊ ညွှန်ကြားရေးမှူး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ၀၉-၄၀၀၄၀၅၆၇၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | |
|---|---|
| (၁) Format | mp 4၊ |
| (၂) Resolution | 3840 x 2160 p ထက်မပိုစေရ၊ |
| (၃) File Size | 300 Mb ထက်မပိုစေရ၊ |
| (၄) Duration | 120 Seconds ထက်မပိုစေရ၊ |
| (၅) Sound | 16-bit, stereo၊ ၁၀ ဖိုင်ထက် မပိုရပါ။ |

၃။ ပြိုင်ပွဲဝင်လက်ရာများတွင် ပြိုင်ပွဲဝင်လက်ရာ၏ခေါင်းစဉ်၊ ရှင်းလင်းချက်စာသား (ပိုစတာများနှင့် ပန်းချီများအတွက်) သို့မဟုတ် တည်းဖြတ်ထားသော စာတန်းထိုးများ (ဗီဒီယိုများအတွက်)ကို ရုရှားဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့်ဖော်ပြရန်နှင့် ပြိုင်ပွဲဝင်လက်ရာဖန်တီးသူ၏ Last name၊ First Name၊ အသက် (ဖန်တီးမှုအဖွဲ့လိုက်ဖြစ်ပါက တစ်ဦးချင်း၏ ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါ အချက်အလက်များ) နှင့် နိုင်ငံ စသည့်အချက်အလက်များ ပါဝင်ရမည်။

၄။ ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့အနက်မှ ပထမဆုရရှိသည့် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံးသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ပေးပို့ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆုအပါအဝင် အကောင်းဆုံး ပိုစတာ၊ ပန်းချီ နှင့် ဗီဒီယို (၁၀)ခုစီကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုဆောင်ရွက်ချက်များအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ရှေ့နေချုပ်ရုံး၏ Website သို့ ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြိုင်ပွဲဝင်များသည် အောက်ပါအချက်များကို လိုက်နာရမည်-

(က) တည်ဆဲဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်ဆန့်ကျင်သောစာသားများ၊ ဓာတ်ကွက်များ၊ သရုပ်ဖော်မှုများ၊ အသုံးအနှုန်းများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထည့်သွင်းခြင်းမပြုရ၊

(ခ) မူပိုင်ခွင့်ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရမည်ဖြစ်သည်၊

(ဂ) ပြိုင်ပွဲဝင် ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်မှုများအတွက် အသုံးပြုခြင်းကို ခွင့်ပြုပေးရမည်၊

(ဃ) ပြိုင်ပွဲဝင်များအနေဖြင့် ပြိုင်ပွဲဝင်ခွင့်လျှောက်လွှာပါအချက်များကို မှန်ကန်စွာ ဖြည့်စွက်ပေးပို့ရမည်၊

(င) ပြိုင်ပွဲဝင်ပိုစတာ၊ ပန်းချီနှင့် ဗီဒီယိုတို့ကို Artificial Intelligence (AI) နည်းပညာအသုံးပြု၍ ယှဉ်ပြိုင်ခြင်းမပြုရ။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## တာမွေမြို့နယ်ရှိ ဂျီအီးစီပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေးကျင်းပ

**တာမွေ ဩဂုတ် ၁၇**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိဂျီအီးစီပညာရေးဝန်ထမ်းများ သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က အဆိုပါအသင်းရုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တာမွေမြို့နယ်ရှိဂျီအီးစီပညာရေးဝန်ထမ်းများ သမဝါယမအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အသင်း၏ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်သီရိမွန်က သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များနှင့် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားပြီး အသင်းမှ အသင်းသား ၃၆၈ ဦးအား အသင်းသားဝေစု၊ အစုပေါ်အမြတ် ငွေကျပ် ၃၀၈၈၀၀၀ နှင့် လက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

☆ MNL မှ

တွဲဖက်အသုံးပြုကာ ပွဲထွက်လာပြီး ပြည်တွင်းကစားသမားများဖြင့်ဖွဲ့စည်းထားသည့်ရတနာပုံအသင်းသည် ပြည်မိုး၊ စိုးမင်းဦး၊ ရဲပြည့်စုံတို့ကို ပွဲထွက်လူစာရင်းတွင် အသုံးပြုခဲ့သည်။ ပွဲအစ ၁၀ မိနစ်တွင်မိုဂူက ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဂိုးစတင်သွင်းယူသည်။ သို့သော်သုံးမိနစ်အကြာတွင် ရန်ကုန်ယူနိုက်တက်ဂိုးသမား ဇင်ညီညီအောင်ရတနာပုံတိုက်စစ်ကို ပင်နယ်တီဧရိယာစည်း အပြင်ထွက်ပြီး တားဆီးရာမှ လက်ဖြင့်ထိခဲ့သဖြင့် တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရပြီး လက်ကျန်မိနစ်များကို တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။ ထို့ကြောင့် ရန်ကုန်ယူနိုက်တက်အသင်းသည် အနိုင်ရလဒ်ကို ထိန်းကစားခဲ့ပြီး ရတနာပုံအသင်းကလည်း ချေပဂိုးမသွင်းနိုင်သဖြင့် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်တိုက်စစ်မှူး ရင်တာရိဟာမာက ရရှိသည်။

ဩဂုတ် ၁၆ ရက်က ကျင်းပသည့်ပွဲတွင် ဟံသာဝတီယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဟံသာဝတီယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၁ မိနစ်တွင် ကြည်စိုး၊ ၈၂ မိနစ်တွင် ဇော်ဇော်ထိုက်တို့က သွင်းယူပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၃၅ မိနစ်တွင် သန်းကျော်ဌေးက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟံသာဝတီယူနိုက်တက်အသင်းခေါင်းဆောင် လားဒင်မောရက ရရှိသည်။

ပွဲစဉ်(၁)စတုတ္ထနေ့ကို ဩဂုတ် ၁၈ ရက်တွင် YUSC ကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး Dagon Port အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ - MNL**



## အလုံမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကာကွယ်ရေး အသိပညာပေး

**ရန်ကုန် ဩဂုတ် ၁၇**

အလုံမြို့နယ်အတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ရေကြီးရေလျှံမှုများကြောင့်ဖြစ်ပေါ်လာတတ်သော လျှပ်စစ်အန္တရာယ်များမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက်က အလုံမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကိုက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသိုက်ထွန်းမောင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းဇင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဖြိုးကျော်တို့က အသိပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

**ကိုကြီးတင်**

# သာကေတမြို့နယ် GEC ပညာရေးဝန်ထမ်းများ သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာစည်းဝေး



ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန် တိုင်းဒေသကြီး သာကေတမြို့နယ် GEC ပညာရေး ဝန်ထမ်းများ သမဝါယမအသင်း လီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ပညာရေး ချီးမြှင့်ငွေပေးအပ်ပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၉ နာရီက သာကေတမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်း ကျောင်း မြဝတီဆောင်၌ ကျင်းပ သည်။

အခမ်းအနားတွင် GEC ပညာ ရေးဝန်ထမ်းများ သမဝါယမ အသင်းလီမိတက်ဥက္ကဋ္ဌ ဦးရဲဝင်း (ထက်/အုပ်-ငြိမ်း)က သဘာပတိ အဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာ စကား ပြောကြားသည်။

ထို့နောက် သာကေတမြို့နယ် သမဝါယမဦးစီးဌာန မြို့နယ် ဦးစီးအရာရှိ ဒေါ်သီတာဦးက သမဝါယမအသင်းဥပဒေ၊ နည်း ဥပဒေများ၊ သမဝါယမအသင်း များ လုပ်ဆောင်ရမည့်အချက် များကို ရှင်းလင်းပြောကြား သည်။ ယင်းနောက် သာကေတ မြို့နယ် ပညာရေးမှူးကိုယ်စား ဒုတိယ မြို့နယ်ပညာရေးမှူး ဦးအုန်းကျော်က မှာဒိတာစကား ပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ်နှင့် ဘဏ္ဍာရေးရှင်းတမ်းကို အသင်း အတွင်းရေးမှူး ဒေါ်စမ်းစမ်းမော် (မူ/အုပ်)က လည်းကောင်း၊ အသင်းစာရင်းစစ်အဖွဲ့၏ အစီရင် ခံစာကို ဒေါ်စုစုလှိုင် (မူ/အုပ်)က လည်းကောင်း ဖတ်ကြား တင်သွင်းခဲ့ပြီး အတည်ပြုချက် များ ရယူသည်။

ဆက်လက်၍ ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်မြင်ခဲ့ကြ သည့် GEC ပညာရေးသမဝါယမ အသင်းဝင်များ၏ သားသမီးများ အား တာဝန်ရှိသူများက ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် တက်ရောက်လာကြ သည့် အသင်းဝင် ၃၇၅ ဦးအား အစုပေါ် အကျိုးဝေစု ငွေကျပ် ၁၅၀၀၀ စုစုပေါင်းငွေကျပ် ၅၆၂၅၀၀၀ ကို ခွဲဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေ ၆၂၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၇

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူ စားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်း သောစားသုံးဆီများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေး နိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီ က ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေး နိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူ တင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့် နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ် မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက် သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီ ထုတ်လုပ်တင်ပို့ သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်း ဖြစ်ပေါ်မှုများအရ ဩဂုတ် ၁၈ ရက်မှ ၂၄ ရက် အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာ လျှင် ငွေ ၆၂၈၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန် ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ အရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်း ဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူ ပြည်သူများအနေဖြင့် စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၈-၈-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၅၀၅ | ၃၂၆၅ | ၂၉၈၅ | ၂၉၉၀ | ၃၀၆၀ | ၃၀၂၅ | ၃၀၄၅ | ၃၃၀၀ |
| 95 Ron | ၂၉၅၅ | ၃၀၇၀ | ၃၀၃၅ | ၂၉၇၀ | ၃၀၇၅ | ၃၀၉၀ | ၃၁၁၀ | ၃၀၃၀ | ၄၅၆၀ | ၃၃၂၀ | ၃၀၄၅ | ၃၀၄၅ | ၃၁၁၅ | ၃၀၈၀ | ၃၁၀၅ | ၃၃၆၀ |
| HSD (500 ppm) | ၂၆၁၅ | ၂၇၂၅ | ၂၆၉၅ | ၂၆၃၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၆၅ | ၂၆၈၅ | - | ၂၉၀၀ | ၂၇၀၀ | ၂၇၀၅ | ၂၇၇၅ | ၂၇၄၀ | ၂၇၆၀ | ၃၀၁၅ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | ၄၈၃၀ | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၉၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၅၀ | ၃၃၁၅ | ၃၂၅၀ | ၃၃၅၅ | ၃၃၇၀ | ၃၃၉၀ | ၃၃၀၅ | - | ၃၆၀၀ | ၃၃၂၅ | ၃၃၂၅ | ၃၃၉၅ | ၃၃၆၀ | ၃၃၈၅ | ၃၆၄၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၃၂ | ၂၈၂၀ |
| 95 Ron | ၂၇၈၉ | ၂၈၇၉ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၃၀၆၀ | ၃၁၅၀ |
| HSD (10 ppm) | ၃၀၆၀ | ၃၁၅၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန



# တံတားဦးမြို့နယ်၌ လက်ဆွဲမျိုးစေ့ချ ကိရိယာပေးအပ်ပွဲနှင့် လက်တွေ့ကွင်းသရုပ်ပြပွဲကျင်းပ

တံတားဦး ဩဂုတ် ၁၇

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် စက်မှုလယ်ယာဦးစီး ဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍လက်ဆွဲမျိုးစေ့ချကိရိယာ ပေးအပ်ပွဲနှင့် လက်တွေ့ကွင်းသရုပ်ပြ ဆောင်ရွက်ခြင်းကို ဩဂုတ် ၁၄ ရက်က တံတားဦးမြို့ မီးသွေးတိုက်ကျေးရွာအုပ်စု တောင်သူ ဦးသိန်းဝင်း လယ်မြေသုံးဧက၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးတင့်ဇော်က လယ်မြေများစိုက်ပျိုးရာတွင် လုပ်သားရှားပါးမှုပြဿနာ နှင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ လက်ဆွဲမျိုးစေ့ချကိရိယာ ကိုင်တွယ်အသုံးပြုနည်းများ၊ စိုက်ပျိုးရာတွင် သတိပြုလိုက်နာရမည့် အချက်များကို တောင်သူများအား ရှင်းလင်းပြောကြားပြီး စက်မှု လယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက လက်တွေ့ကွင်းသရုပ်ပြဆောင်ရွက် ကြသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကနေဒီထွန်းက စိုက်ပျိုးရေးဆိုင်ရာအကြောင်းကို အသိပညာပေး ဆွေးနွေးပြီး တက်ရောက်လာကြသည့် တောင်သူများအား ရွက်ဖျန်း မြေဩဇာနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်သည်။

လက်ဆွဲမျိုးစေ့ချကိရိယာကို အသုံးပြု၍ စပါးစိုက်ပျိုးခြင်းဖြင့် အလုပ်သမား လိုအပ်ချက်များကို လျှော့ချနိုင်ခြင်း၊ လုပ်ငန်းပြီးစီးမှု မြန်ဆန်ကာ အချိန်ကုန်သက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုသက်သာခြင်း ကြောင့် စိုက်ပျိုးစရိတ်လျှော့ချနိုင်ခြင်း ၊ အပင်ပေါက်ကောင်းခြင်းနှင့် ပင်ကြား တန်းကြား ညီညာစွာစိုက်ပျိုးနိုင်ခြင်းတို့ကြောင့် ပေါင်းလိုက် ရာတွင် လွယ်ကူစွာလုပ်ဆောင်နိုင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးခြင်းတို့ ကြောင့် တောင်သူများအားထားရမည့် စက်ကိရိယာတစ်ခုဖြစ်ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

# Artificial Intelligence (AI )နှင့် ဆောက်လုပ်ရေးလုပ်ငန်းချိတ်ဆက်ခြင်း သင်တန်းပို့ချ

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း စီစဉ်သည့် Artificial Intelligence (AI) နှင့် ဆောက်လုပ်ရေးလုပ်ငန်း ချိတ်ဆက်ခြင်း တစ်ရက်တာသင်တန်းပို့ချခြင်းကို ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်းရှိ မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အသင်းချုပ်အထွေထွေအတွင်းရေးမှူးချုပ် ဦးကိုကိုလေးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

သင်တန်းတွင် AI အကြောင်းသိကောင်းစရာများ၊ ဆောက်လုပ်ရေး လုပ်ငန်းတွင် ဘာကြောင့် AI ကို လိုအပ်တာလဲ၊ AI နှင့်အတူ စီးပွားရေး လုပ်ငန်းအစီအစဉ်နှင့် ပရောဂျက်စီမံခန့်ခွဲမှု၊ AI ဖြင့် Business Plan ရေးဆွဲခြင်း၊ Project Management Aid AI၊ AI ဖြင့် ဆောက်လုပ် ရေးအကြိုနှင့် ဒီဇိုင်းအခြေအနေ၊ Generative ဒီဇိုင်း၊ BIM (အဆောက် အအုံအချက်အလက်ပုံစံပြခြင်း) AI၊ လက်တွေ့အကောင်အထည် ဖော်မှုနှင့် အနာဂတ်သက်သေပြခြင်း၊ ဘဏ္ဍာရေး၊ စာရင်းကိုင်နှင့် ကုန်ကျစရိတ်စီမံခန့်ခွဲမှုတွင် AI ကို အသုံးချခြင်း၊ စီမံကိန်း အရှုံးအမြတ် တွက်ချက်ခြင်း၊ ကုန်ကျစရိတ်ခန့်မှန်းချက်နှင့် ထိန်းချုပ်မှု၊ ငွေကြေး စီးဆင်းထိန်းချုပ်စနစ်၊ AI ကို လုပ်ငန်းခွင်တွင် စတင်အသုံးချရန် နည်းဗျူဟာနှင့်အနာဂတ် အကြောင်းအရာများကို ဆွေးနွေးပို့ချသည်။

သင်တန်းကို ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်များ အသင်းမှ ဆရာများဖြစ်ကြသည့် ဦးအောင်ပြည့်ဖြိုး၊ ဒေါက်တာ မြမြလွင်၊ ဒေါက်တာ ကျော်ဖြိုးလင်းတို့က ဟောပြောပို့ချပေးကြသည်။

ပို့ချမှုများအပြီးတွင် အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစုံဟန်က သင်တန်းပို့ချပေးသည့် ဆရာ၊ ဆရာမများနှင့် တက်ရောက်လာသူများ ကို ကျေးဇူးတင်စကားပြောကြားသည်။

မျိုးမင်းသူရ

# မိုက်ခရိုကွန်ထရိုလာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှု

❊ နီဇော်သစ်



ပြီးခဲ့သည့် ရာစုနှစ်တစ်ဝက်အတွင်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသည့် မိုက်ခရိုကွန်ထရိုလာ နည်းပညာသည် အထွေထွေသုံးနည်းပညာဟု ခေါ်ထိုက်လောက်အောင် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအကျိုးဆက်များကို ဖြစ်စေခဲ့သည်။ ရှေ့ကဆောင်းပါးများတွင် ဖော်ပြခဲ့သည့်အတိုင်း မိုက်ခရိုပရိုဆက်ဆာတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် အခြားသောနည်းပညာများကိုပါ ကျွဲကူးရေပါ တိုးတက်လာစေပြီး လူသားတို့၏ ဘဝနေထိုင်မှုပုံစံအပေါ် အမျိုးမျိုးပြောင်းလဲလာစေခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ထိုသို့ မတူကွဲပြားမှုများဖြင့် ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် မိုက်ခရိုကွန်ထရိုလာတို့၏ ပါဝါပြန်လည်ဖြန့်ဝေမှုသည် ဗဟိုချက်ပျောက်သွားလိုက်၊ ဗဟို၌ လာစုစည်းလိုက်၊ ဗဟိုချက်ပြန်ပျောက်သွားလိုက်ဖြင့် အကျိုးဆက်ပုံစံမျိုးစုံကို တွေ့မြင်ရစေသည်။

ဥပမာအားဖြင့် မိန်းဖရိန် ကွန်ပျူတာကြီးများ၏ခေတ်၌ ပရိုဆက်ဆာတို့၏ အတွက်အချက်ပိုင်းသည် တက္ကသိုလ်ကြီးများနှင့် အစိုးရအချို့သာ လုပ်နိုင်သည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် ပါဝါသည် ဗဟိုချက်များတွင် စုနေသည်။ သို့သော် ပီစီဟုခေါ်သော တစ်ကိုယ်ရည်သုံးကွန်ပျူတာများ ပေါ်လာချိန်တွင်မူ ပါဝါသည် အများပြည်သူထံ ပြန်လည်စီးဆင်းသွားပြီး အင်တာနက်နှင့် လူမှုကွန်ရက်များ ထပ်ဖြည့်လိုက်ချိန်တွင် ဗဟိုချုပ်ကိုင်မှု အနည်းဆုံးအနေအထားသို့ ရောက်သွားသည်။ သို့သော် ကလောက်များ၊ အေအိုင်များ တစ်ရှိန်ထိုးမြင့်တက်လာချိန်တွင် ပါဝါသည် ဗဟိုချက်သို့ သွားစုပြန်သည်။ ယခုတစ်ကြိမ်တွင်မူ ကော်ပိုရေးရှင်းကြီးများထံသို့ ပါဝါဖြန့်ဝေမှု အများဆုံးဟု ဆိုရမည်။ တစ်ချိန်တည်းမှာပင် အေအိုင်အက်ဂျ်ဘုတ်များ အရှိန်အဟုန်မြင့်လာခြင်းက အများပြည်သူလက်ထဲသို့ တစ်နိုင်တစ်ပိုင် အေအိုင်များ ရောက်ရှိလာစေသည်။ အွန်လိုင်း ပွင့်လင်းရင်းမြစ်များ၏ ကျေးဇူးများကိုလည်း ထည့်ပြောမှဖြစ်မည်။

မိုက်ခရိုကွန်ထရိုလာများ၏ ပါဝါပြန်လည်ဖြန့်ဝေမှုကို ဖြစ်စေသည့် အဓိကသော့ချက်များကို ရှာကြည့်လျှင် ကုန်ကျစရိတ်ကျဆင်းလာခြင်း၊ ပရိုဂရမ် ဘာသာစကားတီထွင်မှု အားသာချက်၊ ထုတ်လုပ်နိုင်စွမ်း၊ ပလက်ဖောင်း ဂေဟစနစ်များ ဖြစ်လာခြင်း၊ ပွင့်လင်းအရင်းအမြစ်စံနှုန်းများ ဆိုသည့်အချက်တို့ကို တွေ့ရနိုင်သည်။

မိုက်ခရိုကွန်ထရိုလာတို့ ကုန်ကျစရိတ်ကျဆင်းလာခြင်းတွင် ရှေ့က အထပ်ထပ်ပြောခဲ့သည့် ကျုံ့နိုင်သမျှ ကျုံ့အောင်လုပ်သည့် ပေါင်းကူးနည်းပညာမှာ အခရာကျသည်ဟု ထပ်ပြောရမည်ဖြစ်သည်။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် တစ်ပိုင်းလျှပ်ကူးနည်းပညာ ပေါ်ထွက်လာသည်နှင့်အညီ မိုက်ခရိုပရိုဆက်ဆာတို့ စတင်ပေါ်ပေါက်လာ သည်။ ကျုံ့နိုင်သမျှ ကျုံ့အောင်လုပ်သည့် နည်းပညာ၏ အစဖြစ်သည်။ ၁၉၇၁ ခုနှစ် အင်တဲလ်၏ ၄၀၀၄ ချစ်ပ်သည် သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး ထရန်စစ္စတာ ၂၃၀၀ ပါသော ထိုချစ်ပ်၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ရာဂဏန်းအနည်းငယ်အထိ ကျဆင်းသွားခဲ့သည်။ ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း ထွက်လာသည့် ၈၀၈၀၊ ၈၀၈၆ တို့တွင်လည်း ထရန်စစ္စတာတစ်လုံးချင်းစီအတွက် တန်ဖိုးများ ကျဆင်းသွားသည်။ အိမ်သုံးရုံးသုံးကွန်ပျူတာများ၏ အစဟုဆိုနိုင်သည်။ ၁၉၆၅ ခုနှစ်ကတည်းက ဟောကိန်းထုတ်ခဲ့သည့် ဉာဏ်ကြီးရှင် ဂေါ်ဒွန်မိုးရ်၏ ‘ချစ်ပ်များပေါ်တွင် ထရန်စစ္စတာ ပါဝင်မှုမှာ တစ်နှစ်ခွဲ နှစ်နှစ်လောက်အတွင်း နှစ်ဆမြင့်တက်သည့်နှုန်းဖြင့် ဆက်သွားလိမ့်မည်’ ဆိုသော မိုးရ်နိယာမကို မျက်ဝါးထင်ထင် စတင်မြင်တွေ့ခဲ့ရသည်။

ထိုဖြစ်စဉ်တွင် ပါဝါလက်လွှတ်လိုက်ရသည်မှာ မိန်းဖရိန် ကွန်ပျူတာကြီးများသာ။ တစ်ပိုင်းလျှပ်ကူးလုပ်ငန်းများ၊ ဝါသနာရှင်များနှင့် ပီစီဟုခေါ်သော အိမ်သုံးရုံးသုံး ကွန်ပျူတာများဘက်သို့ ပါဝါစတင်ပျံ့နှံ့လာသည်။ အီတာလျံ-အမေရိကန် ရူပဗေဒပညာရှင် ဖက်ဒရီကို ဖက်ဂင်က “မိုက်ခရိုပရိုဆက်ဆာက အထွေထွေသုံးကိရိယာတစ်ခုပါ။ ဘယ်အရာကိုမဆိုလုပ်ဖို့ ခင်ဗျားတို့သင်ပေးလို့ရတဲ့ ဦးနှောက်တစ်ခုပါပဲ”ဟု မှတ်ချက်ပြုခဲ့သည့်ကာလလည်းဖြစ်သည်။ တိုင်းပြည်နိုင်ငံများအားဖြင့် ဆိုရလျှင်တော့ ကွန်ပျူတာလောကကို အမေရိကန်ပြည်ထောင်စုကသာ ဦးဆောင်နေသည့်အနေအထားဖြစ်သည်။

၁၉၈၀ ပြည့်လွန်နှစ်များတွင်မူ ၁၆-ဘစ်၊ ၃၂-ဘစ်ချစ်ပ်များ ပေါ်ထွက်လာပြီးနောက် ကွန်ပျူတာကို အိမ်တိုင်းနီးပါး ဝယ်သုံးနိုင်သည့် အနေအထားမျိုးသို့ရောက်လာသည်။ ထရန်စစ္စတာများ ပိုသေးသွားပြီး ပိုသက်သာလာသည်။ ၁၉၈၁ ခုနှစ် အိုင်ဘီအမ် ပီစီသည် အင်တဲလ် ၈၀၈၈ ချစ်ပ်ကိုသုံးထားပြီး ထရန်စစ္စတာပေါင်း ၂၉၀၀၀ ပါဝင်လာသည်။ အရွယ်အစားအားဖြင့် ၃ မိုက်ခရိုမီတာအရွယ်အစားဖြစ်သည်။ ၁၉၈၄ ခုနှစ်တွင် ထွက်လာသည့် အက်ပဲလ်၏ မက်ကင်းတော့ရှ်သည် မော်တိုရိုလာ ၆၈၀၀၀ ချစ်ပ်ကို သုံးထားသည်။ ထိုချစ်ပ်မှာ နာမည်အတိုင်း ထရန်စစ္စတာ အလုံး ၆၈၀၀၀ ပါဝင်လာပြီဖြစ်သည်။

၁၉၈၅ ခုနှစ်တွင် အေအာရ်အမ် အာကီတက်ချာ ပေါ်ထွက်လာရာ သေးငယ်ပြီး ထိရောက်သောချစ်ပ်များ ထုတ်လုပ်လာနိုင်သည်။ ၁၉၈၉ ခုနှစ်တွင် ထွက်လာသော အင်တဲလ်၏ ၈၀၄၈၆ ချစ်ပ်မှာ စီပီယူမဖြစ်သေးသည့်တိုင် ဖလုတ်တင်းပွိုင့်ဟုခေါ်သည့် ဒသမကိန်းများကို ကိုင်တွယ်တွက်ချက်နိုင်သော အက်ဖ်ပီယူများ ဖြစ်လာခဲ့သည်။ ထရန်စစ္စတာပေါင်း ၁ ဒသမ ၂ သန်းပါဝင်ပြီး ၁ မိုက်ခရိုမီတာအရွယ်အစားသို့ ရောက်လာသည်။ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ချစ်ပ်အများအပြားဖြင့် လုပ်ခဲ့ရသည့် လုပ်ငန်းဆောင်တာများသည် ချစ်ပ်တစ်ခုတည်းပေါ်သို့ ရောက်လာသည်။

ချစ်ပ်များ ဈေးကျလာခြင်းကြောင့် ကွန်ပျူတာအသုံးပြုသည့် လုပ်ငန်းအသစ်များ ခေါင်းထောင်လာသည်။ တစ်ချိန်ကလို မိန်းဖရိန်ကွန်ပျူတာကြီးများ၏ အတွက်အချက် မလိုအပ်တော့၍ပင်။ မိန်းဖရိန်နှင့် မိုက်ခရိုကွန်ပျူတာများကြားတွင် မီနီကွန်ပျူတာဆိုသည့် အတော်ကြီးကြီး ကွန်ပျူတာအမျိုးအစားတစ်ခုလည်း ရှိခဲ့သေးသည်။ အသိပညာဖြင့် အလုပ်လုပ်သူများသည် အတွက်အချက်များကို အမှီအခိုကင်းကင်း လုပ်နိုင်လာသည်။ အိမ်များ၊ ရုံးများ၊ ကျောင်းများတွင် ကွန်ပျူတာအသုံးပြုခြင်း စတင်ခေတ်စားလာသည်။ စတိဗ်ဂျော့နှင့် တွဲပြီး အက်ပဲလ်ကို ထူထောင်ခဲ့သည့် စတိဗ်ဝေါ့ဇနစ်က “ခင်ဗျား မသယ်နိုင်တဲ့ ကွန်ပျူတာတွေကို ဘယ်တော့မှ မယုံကြည်နဲ့”ဟု ပြောခဲ့သည့်ခေတ်ဖြစ်သည်။

တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ကျုံ့လာပြီး စွမ်းရည်ပိုမြင့်ကာ ဈေးသက်သာလာသောကြောင့် လုပ်ငန်းငယ်များ အောင်မြင်မှုရလာကြသလို တစ်ဖက်တွင် ကော်ပိုရိတ်ပါဝါကြီးများလည်း အပြောင်းအလဲဖြစ်လာသည်။ မိုက်ခရိုဆော့ဖ်နှင့် အင်တဲလ်တို့က ဝင်းတဲလ်ဆိုသည့် မဟာမိတ်အဖွဲ့ကို ထူထောင်သည်။ တစ်ကိုယ်ရည်သုံးကွန်ပျူတာများ ဝယ်သုံးနိုင်သည့် အနေအထားရောက်လာပြီး စံနှုန်းသတ်မှတ်ချက်များလည်း ရှိလာသောကြောင့် ဟာ့ဒ်ဝဲရောင်းချမှုအပြင် ဆော့ဖ်ဝဲလောကကြီး ပေါ်ထွက်လာသည်။ ၁၉၈၄ ခုနှစ်ထုတ် အက်ပဲလ် မက္ကင်းတော့ရှ်တွင် ဂျီယူအိုင်ဟုခေါ်သော မောက်စ်ဖြင့် အလုပ်လုပ်နိုင်သည့် ဖန်သားပြင် မြင်ကွင်းပါလာသည်။ တစ်ဖက်တွင် ဒီအီးစီ၊ ဝမ်၊ ဒေတာဂျင်နရယ်စသော မီနီကွန်ပျူတာ ထုတ်လုပ်သည့် လုပ်ငန်းကြီးများ ကျဆင်းသွားသည်။

ကျုံ့နိုင်သမျှ ကျုံ့အောင်လုပ်သည့်နည်းပညာတွင် မင်မိုရီပိုင်း၌ ဂျပန်က အမေရိကန်ပြည်ထောင်စုကို ကျော်တက်သွား၏။ အင်န်အီးစီ၊ တိုရှီဘာ၊ ဟီတာချီတို့က မင်မိုရီများကို အလုံးအရင်းဖြင့် ထုတ်ကြသည်။ အမေရိကန်ပြည်ထောင်စုသည် စီပီယူဒီဇိုင်းပိုင်း၌ ဆက်လက်ဦးဆောင်သည်။ မင်မိုရီနှင့် ချစ်ပ် ထုတ်လုပ်ရေးအပိုင်းတွင် ဂျပန်က ဦးဆောင်သွားသည်။ ယနေ့ခေတ်အနေအထားနှင့် ယှဉ်လျှင် ထိုင်ဝမ်နှင့် တောင်ကိုရီးယားတို့ ယူထားသည့်နေရာ၌ တစ်ချိန်က ဂျပန်တစ်နိုင်ငံတည်း ဦးဆောင်ခဲ့သည့်အနေအထားကို မြင်နိုင်သည်။

အချုပ်ပြောရလျှင် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ကျုံ့နိုင်သမျှကျုံ့အောင် လုပ်လာခြင်းကြောင့် အိမ်သုံးကွန်ပျူတာများဖြစ်လာရန် လမ်းကြောင်း ဖောက်နိုင်ခဲ့ပြီး ၁၉၈၀ ပြည့်လွန်နှစ်များတွင်မူ ကွန်ပျူတာအတွက်အချက်ပါဝါသည် လုပ်ငန်းကြီးများ၏ နည်းပညာဌာနများတွင်သာ ရှိနေသည် မဟုတ်တော့ဘဲ အိမ်ခန်း၊ ကျောင်းခန်း၊ ရုံးခန်းများသို့ ပျံ့နှံ့သွားခဲ့သည်။ နိုင်ငံအားဖြင့်လည်း နည်းပညာကို အမေရိကန်တစ်နိုင်ငံတည်းက ဦးဆောင်နေသည်မျိုးမဟုတ်တော့ဘဲ ဂျပန်ကပါ ထိပ်တန်းက ပါဝင်လာခဲ့သည်။

နောက်ပိုင်းဆယ်စုနှစ်များ၏ ပါဝါပြန်လည်ဖြန့်ဝေမှုများကို ဆက်လက်ဆွေးနွေးသွားပါမည်။

# ကမ္ဘာ့ပထမဆုံး လူတူစက်ရုပ် အိုလံပစ်ပြိုင်ပွဲ ကျင်းပ




ကမ္ဘာ့ပထမဆုံး လူတူစက်ရုပ်အိုလံပစ်ပြိုင်ပွဲ (World Humanoid Robot Games) ကို တရုတ်နိုင်ငံတွင် ပြီးခဲ့သည့် သောကြာ၊ စနေ၊ တနင်္ဂနွေ သုံးရက်ကြာ ကျင်းပခဲ့သည်။

ထိုပြိုင်ပွဲသို့ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ၊ ဘရာဇီး အစရှိသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ တက္ကသိုလ် ၁၉၂ ခု၊ ပုဂ္ဂလိကလုပ်ငန်း ၈၈ ခုတို့က ကိုယ်ပိုင်စက်ရုပ် ၅၀၀ ကျော်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါ အားကစားပွဲကြီးတွင် ဘောလုံး၊ လက်ဝှေ့၊ ပြေးခုန်ပစ် အစရှိသဖြင့် ပြိုင်ပွဲပေါင်း ၂၆ ခု ပါဝင်သည်။

ဘောလုံးအားကစားတွင် ခုနစ်နှစ်သားအရွယ် လူတူစက်ရုပ်များ တစ်ဖက် ငါးယောက်စီခွဲပြီး ကန်ရခြင်းဖြစ်သည်။ အပြေးပြိုင်ပွဲတွင် ရိုးရိုးပြေးရုံတင်မဟုတ်ဘဲ တန်းကျော်ပြေးပွဲများပါ ပါဝင်သည်။ စားပွဲတင်တင်းနစ်၊ ကွန်ဖူးလို အားကစားများလည်း ပါဝင်သည်။

မီတာ ၁၅၀၀ အပြေးပြိုင်ပွဲတွင် တရုတ်ပြည်တွင်း ချန်ပီယံ ယူထရီး လုပ်ငန်း၏ စက်ရုပ်က ပြိုင်ဘက်များကို အပြတ်ဖြတ်ပြီး ၆:၂၉:၃၇ ဖြင့် အနိုင်ရခဲ့သည်ဟု အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အမျိုးသား မီတာ ၁၅၀၀ ကမ္ဘာ့စံချိန် ၃ မိနစ် ၂၆ စက္ကန့်နှင့်ယှဉ်လျှင် အလွန်များနေသေးသော်လည်း လူတူစက်ရုပ်များအတွက်မူ ကြီးမားသော အောင်မြင်မှုတစ်ခုဖြစ်သည်။

ဂျာမနီနိုင်ငံ လိုက်ပဇစ်တက္ကသိုလ် လက်တွေ့အသုံးချ သိပ္ပံဌာန၏အထောက်အပံ့ဖြင့် ဝင်ရောက်ယှဉ်ပြိုင်သည့် အိပ်ချ်တီဒဗလျူကေ ဘောလုံးအဖွဲ့ဝင်တစ်ယောက်ဖြစ်သူ မက်ဇ်ပိုလ်တာက “ကျွန်တော်တို့ အနိုင်ကစားဖို့ ဒီကိုလာခဲ့တာပါ။ ဒါပေမဲ့ သုတေသနအရလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒီပြိုင်ပွဲမှာ စိတ်ဝင်စားစရာအသစ်တွေနဲ့ စိတ်လှုပ်ရှားစရာ ချဉ်းကပ်မှုတွေကို ခံစားခဲ့ရပါတယ်။ တစ်ခုခု အလုပ်မဖြစ်ရင် ကျွန်တော်တို့ရှုံးမှာပါ။ ဒါပေမဲ့ ထုတ်ကုန်တစ်ခုအတွက် ရင်းနှီးမြှုပ်နှံပြီး အရှုံးပေါ်သွားတာထက်တော့ အများကြီးသာပါတယ်”ဟု ဆိုသည်။

ထိုပြိုင်ပွဲကို ပေကျင်း မြူနီစီပယ်အစိုးရက ကြီးကြပ်ကျင်းပခဲ့ခြင်းဖြစ်သည်။ တရုတ်အစိုးရသည် ယမန်နှစ်အတွင်း စက်ရုပ်နည်းပညာကဏ္ဍအတွက် ဒေါ်လာ ဘီလီယံ ၂၀ ထောက်ပံ့ခဲ့သည်။ ယခုနှစ်တွင်လည်း ဒေါ်လာ ၁၃၇ ဘီလီယံထောက်ပံ့ရန် လျာထားဆောင်ရွက်နေသည်ဟု သိရသည်။

Ref:DailyMail

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 4

(ယခင်တစ်ပတ်မှအဆက်)

Unit 2

Lesson 1 There is / are

**IV. Put into singular as in No. 1.**

1. Cities are big towns.
   A city is a big town.
2. Postmen wear caps.
3. Roses are beautiful flowers.
4. Soldiers are brave men.
5. Watches are small clocks.

**V. Choose the correct words and fill in the blanks.**

1. The cat is sitting on my ————. **(bed / beds)**
2. There are five ———— on my desk. **(pencil / pencils)**
3. I have two ————. **(sister / sisters)**
4. They are riding their ————.**(bike/ bikes)**
5. We have a ————. **(dog / dogs)**

**VI. Fill in the blanks with *is* or *are*.**

1. There ——— one cat.
2. There ——— three turkeys.
3. There ——— five deer.
4. There ——— one dog.
5. There ——— two cows.

**VII. Fill in the blanks with the right words given in the brackets.**

1. There are four **(book/ books)** on the table.
2. There are six **(geese/ goose)** in the pond.
3. There is one **(sheep/ sheeps)**.
4. There are three **(bird/ birds)** in the tree.
5. There are eight **(fish/ fishes)** in the water.

**VIII. Change the following sentences into questions with "How many …".**

e.g. **There are three dogs in our school.**
**How many dogs are there in your school?**

1. There are 50 students in the class.
   How many _________________________________?
2. There are 40 teachers in our school.
   How many _________________________________?
3. There are five family members in our family.
   How many _________________________________?
4. There are 10 ducks on U Ba's farm.
   How many _________________________________?
5. There are 15 cows on the farm.
   How many _________________________________?

**IX. Rearrange the following to make meaningful sentences.**

1. are / . / two / on / farm/ the / dogs / There/
2. in / ducks/ are / There / the / lake / . / ten /
3. street / There / . / two / in / are / the / tea-shops/
4. There / swimming / in / one / the / is / . / pool / compound/
5. are / in / our / . / two / There / pagodas / town /

**X. Translate the following into English.**

1. ရေကန်ထဲမှာ ဘဲ ငါးကောင်ရှိတယ်။
2. ကျွန်တော်တို့ကျောင်းမှာ ကျောင်းသား ကျောင်းသူ ၁၀၀ ကျော် ရှိတယ်။ (over 100 students)
3. လွယ်အိတ်ထဲမှာ စာအုပ် ၃ အုပ်နဲ့ ခဲတံ ၂ ချောင်း ရှိပါတယ်။
4. ဒီလမ်းထဲမှာ အိမ် ၂၀ လုံး ရှိပါတယ်။
5. ကျွန်တော်တို့ မြို့မှာ ဘုရား ၃ ဆူ ရှိပါတယ်။ (three pagodas)

************************

## Grade 5

Unit 3 Past events

Lesson: 1 I was at school yesterday

Reading

**II. (A) Look at the picture and write True or False to answer the given words.** **(5 marks)**

(1)  We are in the library. (1)__________

(2)  We are in the restaurant. (2)__________

(3)  It is a playground. (3)__________

(4)  It is a zoo. (4) __________

(5)  It is a market. (5) __________

**(B) Read the following dialogue and fill in the blanks with the suitable words given below.** **(10 marks)**

| | | | | |
|---|---|---|---|---|
| with | take | saw | did | yesterday |
| went | That | What | and | together |

**Aye Aye:** Did you go to the zoo ______(1)_______?
**Thura:** Yes, I did.
**Aye Aye:** What ______(2)_______ you see?
**Thura:** I ______(3)_______ lions and elephants.
**Aye Aye:** Wow! Did you ______(4)_______ photos?
**Thura:** Yes, I did.
**Aye Aye:** Did you go ______(5)_______ your family?
**Thura:** Yes, I ______(6)_______ with my sister.
**Aye Aye:** ______(7)_______ sounds fun!
**Thura:** It was very fun!
**Aye Aye:** ______(8)_______ did you eat there?
**Thura:** I ate noodles ______(9)_______ ice cream.
**Aye Aye:** Lucky you! I want to go next time.
**Thura:** Let's go ______(10)_______ next week!

**(C) (1) Read the passage and answer the questions.(10 marks)**

Last Sunday, I went to the zoo with my family. We saw many animals. I liked the elephants and the monkeys. The elephants were big and slow. The monkeys were small and funny. We took many photos. We ate rice and drank juice. It was a fun day!

1. Where did you go?
2. Who did you go with?
3. What animals did you see?
4. What did you eat?
5. Was it a fun day?

Writing

**III.(A)Fill in the blanks with a suitable word form.** **(5 marks)**

(1) (beauty) The flower is very __________.
(2) (beauty) The _________ of the sunset is amazing.
(3) (sleep) I feel __________ after lunch.
(4) (sleep) The baby is _________ now.
(5) (sun) We went to the beach on a _________ day.
(6) (bake) The ___________ makes fresh bread.
(7) (bake) The ________ sells cakes and bread.
(8) (library) The _________ helped me find a book.
(9) (fame) She wants to be _________ one day.
(10) (final) I _________ finished my homework.
(11) (shop) The _________ are buying vegetables.
(12) (shop) I went _________ with my mom.
(13) (play) The football ___________ are on the field.
(14) (friend) She is very __________ to everyone.
(15) (swim) ___________ is good for health.

************************

## Grade 6

Unit 1

Lesson 3: Greetings for special events

Speaking

**(A) Complete the conversation with the expressions given in the box. There are two extra expressions.**

| | | | |
|---|---|---|---|
| (a) too | (b) What's | (c) I'm | (d) Hello! |
| (e) Are | (f) Goodbye | (g) How do you do | |

**Student A:** Excuse me! (1)_______ you Su Su's brother?
**Student B:** Yes, that's right. (2)_________ Nyi Lay.
**Student A:** (3)_______, Ko Nyi Lay? I'm Su Su's friend.
**Student B:** Oh, Really? (4)_______ your name?
**Student A:** May Thu.
**Student B:** Nice to meet you, May Thu.
**Student A:** Nice to meet you, (5)_______.

Vocabulary

**(A) Complete each sentence with the most suitable word. The first letter of each word is given to help you.**

1. These teachers need s_____training for next school year.
2. We have a big party. We will hire a photographer to record this e______.
3. Can you d______ him to me?
4. I'm not going out in this w______!.
5. The wind is blowing strongly. It is too w______ for picnic.
6. In winter, it is cold and s_______.
7. Don't forget to take your umbrella. It's going to be a r______ day.
8. Let's go for a walk. It is s_____.
9. It is c______. I think it will rain soon.
10. They visited us one dark and s________ night in July.

**(B) Fill in the blanks using the words given below.**

| | | | |
|---|---|---|---|
| snow | snowy | storm | stormy |
| sunny | cloudy | rain | rainy |

1. In a _________ place, people wear thick jackets and boots to stay warm.
2. Lightning can occur during a __________.
3. It's _________ outside, so we can have a picnic in the park.
4. It's _________ today, so don't forget to bring your umbrella when you go outside.
5. When it's ___________, the wind blows hard, and the rain falls heavily.
6. During __________ days, the sky is covered with lots of gray clouds.
7. Let's wait till the ___________ stops.
8. __________ is white and fluffy, and it falls from the sky in winter.

**(C) Supply the correct form of the words given in brackets.**

1. (sun) When it's _________, the sky is blue and the sun shines brightly.
2. (wind) It's _________ today, so be careful not to let your hat blow away.
3. (cloud) It might rain because it's __________.
4. (snow) It was ______________ and very cold.
5. (rain) In the _________season, fruits and vegetables are fresh.
6. (rain) _________ fell heavily all night.
7. (sand) The children are playing on the _____________ beach.
8. (storm) The weather was cold and _____________.
9. (storm) The _____________ broke last night.
10. (noise) The engine was very ___________ at high speed.

**(D) Join the nouns and the adjectives as shown below.**

| Column A | Column B |
|---|---|
| 1. fresh | weather |
| 2. fine | food |
| 3. delicious | day |
| 4. sandy | air |
| 5. fresh | beach |
| 6. fine | town |
| 7. ancient | fruits |

စာမျက်နှာ ၁၉ သို့ ☆

☆ စာမျက်နှာ ၁၈ မှ

## Grade 7

### Lesson 3: Comparing people or things

Comparative adjectives

လူများ၊ အရာဝတ္ထုများ၊ နေရာ စသည်တို့ကို နှိုင်းယှဉ်ဖော်ပြရာတွင် အလတ်စားနာမဝိသေသန (Comparative adjectives) များကို သုံးသည်။ အလတ်စားနာမဝိသေသန၏နောက်တွင် than ကိုပါ ထည့်သွင်းရေးသားရသည်။

ဥပမာ။ **Ni Ni is shorter than Phyu Phyu.**

**အနိမ့်စားနာမဝိသေသနမှ အလတ်စားနှင့် အမြတ်စားနာမဝိသေသနပုံစံပြောင်းနည်း**

(1) အသံတစ်သံနှင့် အသံနှစ်သံထွက်တဲ့ အချို့နာမဝိသေသနတွေကို အနိမ့်စားနာမဝိသေသနမှ အလတ်စားပြောင်းပါက "er"၊ အမြတ်စားပြောင်းပါက "est" ပေါင်းပါ။

ဥပမာ။ **rich – richer – the richest , small – smaller – the smallest , old – older – the oldest …etc.**

(2) ဗျည်းဆုံးပြီး ဗျည်းရှေ့မှာ 'သရ' တစ်လုံးရှိနေရင် နောက်ဆုံးဗျည်းကို နှစ်ဆပြုပြီးမှ အနိမ့်စားဆိုလျှင် "er"၊ အမြတ်စားဆိုလျှင် "est" ပေါင်းပါ။

ဥပမာ။ **fat – fatter – the fattest, thin – thinner – the thinnest, sad – sadder – the saddest …etc.**

(3) အသံနှစ်သံထက်ကျော်ပြီး စာလုံးပေါင်းတွေကလည်း များနေမယ်ဆိုရင် အလတ်စားဆိုလျှင် "more"၊ အမြတ်စားဆိုလျှင် "most" ပေါင်းထည့်ပါ။

ဥပမာ။ **beautiful – more beautiful – the most beautiful, expensive – more expensive – the most expensive, intelligent – more intelligent – the most intelligent …etc.**

(4) "y" ဆုံးပြီး "y"ရဲ့ ရှေ့မှာ 'ဗျည်း' ရှိနေပါက "y" ကို ဖြုတ်ပြီး အနိမ့်စား ဆိုလျှင် "ier"၊ အမြတ်စားဆိုလျှင် "iest" ပေါင်းပါ။

ဥပမာ။ **angry – angrier – the angriest, happy –happier– the happiest, easy – easier – the easiest … etc.**

(5) ပုံမမှန်တဲ့နာမဝိသေသနတွေကိုတော့ အလွတ်ကျက်မှတ်ထားပါ။

ဥပမာ။ **good – better – the best, much – more – the most, many – more – the most, bad – worse – the worst, little – less– the least, far – further – the furthest…etc.**

**လေ့ကျင့်ခန်းအားလုံး ဖြေဆိုပါ။**

**(A) အောက်ပါနာမဝိသေသနများကို အနိမ့်စားမှ အလတ်စားပုံစံပြောင်းပါ။**

| Positive | Comparative |
| --- | --- |
| clean | __________ |
| dark | __________ |
| fast | __________ |
| generous | __________ |
| black | __________ |
| busy | __________ |
| careless | __________ |
| cheerful | __________ |
| fat | __________ |
| fit | __________ |
| good | __________ |
| bad | __________ |
| much | __________ |
| many | __________ |
| little | __________ |
| pretty | __________ |

**(B) Make two sentences into one using the comparative form of the adjective.**

e.g. Nyi Nyi is hardworking. Ko Ko is very hardworking.
Ko Ko is more hardworking than Nyi Nyi.

1. Thuzar is slim. Kyi Pyar is very slim.
   Kyi Pyar is ________________________________.
2. Ohnmar is beautiful. Nilar is very beautiful.
3. Bo Bo is lazy. Nyo Nyo is very lazy.
4. My grandmother is talkative. My grandfather is very talkative.
5. Soe Soe is pretty. Nyo Chaw is very pretty.
6. Our school is big. Theirs is very big.
7. Yin Yin's handwriting is good. Her sister's is very good.
8. Ko Maung is intelligent. Aung Thaw is very intelligent.

****************

## Grade 8

### Lesson 3: Busy dad!
### (ယခင်တစ်ပတ်မှအဆက်)

**(E) Cross out the incorrect adverbs of indefinite frequency in each sentence of the following.**

e.g. Khin Khin gets up early five days a week. Khin Khin gets up early very often/ sometimes.

Ans: Khin Khin gets up early very often.

1. It rains in the desert once or twice a year. It **hardly ever/ often** rains in the desert.
2. Most Sundays, I go to the cinema with friends. I **always/ usually** go to the cinema with friends on Sundays.
3. Mya Mya does yoga about three times a week. Mya Mya **occasionally/ frequently** does yoga.
4. We spend all our holidays in Taunggyi. We **always/ sometimes** go to Taunggyi on holidays.
5. Father works late about once a month. Father **often/ occasionally** works late.

**(F) Translate the followings.**

1. ကိုကို နေ့တိုင်း နွားနို့တစ်ခွက်သောက်သည်။ (a glass of milk/ every day)
2. ဇော်ဇော် နံနက်တိုင်း သူ့သူငယ်ချင်းများနှင့်အတူ လမ်းလျှောက်ထွက်သည်။ (go for a walk)
3. မင်းမင်း တစ်ခါတစ်ရံ တင်းနစ်ကစားသည်။ (play tennis)
4. ကိုညီ ညတိုင်း ရေဒီယိုနားထောင်သည်။ (listen to the radio)
5. လင်းလင်း နေ့တိုင်း အိမ်စာလုပ်သည်။ (do homework)
6. ဖြူဖြူ တစ်နေ့ ကော်ဖီနှစ်ခွက်သောက်သည်။ (drink two cups of coffee)
7. မောင်မောင် တစ်ပတ်တစ်ကြိမ် ဒီကိုလာသည်။ (come here)
8. လှလှ နှစ်ရက်တစ်ကြိမ် ခေါင်းလျှော်သည်။ (wash her hair)
9. ဦးလေး ငါးဟင်း စားခဲသည်။ (fish curry)
10. မောင်ကြီး ဘယ်တော့မှ အိမ်အလုပ်မလုပ်ပါ။ (do housework)

************

**Ans:**

**Lesson 3: Busy dad!**

**Grammar**

(A) 1. I always eat breakfast in the morning. 2. She usually goes to school by bus. 3. He is never late for work. 4. My brother sometimes plays video games. 5. We often go to the beach on weekends. 6. They rarely eat fast food. 7. I occasionally study in the library. 8. Ko Lin always takes his umbrella. 9. They usually do their homework in the evening. 10. She never wakes up early on Sundays. 11. He often calls his grandmother. 12. We always eat dinner at home. 13. Khin Khin sometimes reads a book before bed. 14. Mike usually goes for a morning run. 15. I rarely watch TV at night.
(B) 1. I always go to school at 7 a.m. 2. She is never late for class. 3. We sometimes eat lunch at the park. 4. My brother often watches TV in the evening. 5. They rarely go to the cinema because they are busy. (C) 1. She always drinks tea in the morning. 2. We often play basketball on the weekends. 3. He is never late for school. 4. They sometimes go to the beach in summer. 5. My mom usually cooks dinner for the family. (D) 1. always 2. never 3. always 4. usually 5. rarely (E) 1. hardly ever 2. usually 3. frequently 4. always 5. occasionally (F) 1. Ko Ko drinks a glass of milk every day. 2. Zaw Zaw goes for a walk with his friends every morning. 3. Min Min sometimes plays tennis. 4. Ko Nyi listens to the radio every night. 5. Lin Lin does homework every day. 6. Phyu Phyu drinks two cups of coffee once a day. 7. Maung Maung comes here once a week. 8. Hla Hla washes her hair once every two days. 9. U Lay rarely/ hardly ever/seldom eats fish curry. 10. Maung Gyi never does housework.

**************

## Grade 9

### Lesson 2 How's everything with you?
### (ယခင်တစ်ပတ်မှအဆက်)

**(3) Read the passage**

**Introductions**

When you are introduced to someone, you will be often given the name the person would like to be called. If a person has a title such as doctor, **professor** or director, it is **appropriate** to sue the title when addressing them. If the person is of the same age or younger, it is all right to address him or her by only his or her first name. If you are uncertain, you may use Mr, Mrs, Ms, or Miss. Mostly, a person will indicate what they wish to be called. When you are in **doubt,** you can ask the person how you should address them. Most of the time, people are informal with their greetings. However, it is best to be polite and use a **title** with a stranger or a business **associate.** Most people shake hands and make eye contact when they first meet each other. But, in many cultures, it is also impolite for men to shake hands with women. A hug and kiss may be used with people who know one another well. In most cultures, it is not common to hug or kiss a person when first being introduced.

**(A) Find the bold-faced words in the passage that use similar in meaning to the following definitions.**

(1) suitable or proper in the circumstances (1) __________
(2) connected with an organization or business (2) __________
(3) a feeling of uncertainty (3) __________
(4) a university academic of the highest rank (4) __________
(5) the name of a book, composition, or other artistic work (5) __________

**(B) Answer the following questions in complete sentences.**

(6) When do people provide the name they would prefer to be called?
(7) When is it considered appropriate to use titles like "doctor," "professor," or "director" when addressing someone?
(8) If a person is of the same age or younger, what is generally acceptable when it comes to addressing them?
(9) What should you do if you are uncertain about how to address someone?
(10) When can you ask the person how you should address them?
(11) What do most people usually do when they first meet each other?
(12) When may a hug and kiss be used?

**VI. Answer the following questions.**

1. What is a greeting?
2. What is the commonest greeting in English?
3. What is 'small talk' called?
4. Where do short conversations called 'small talk' take place?
5. What topics are used in short conversation called 'small talk'?
6. When do we practise informal greetings?
7. Why is small talk important in our life?
8. What topics are unsuitable for small talk?

**VII. Read the following passage and fill in the blanks with the suitable words given below. There are two extras.**

| cultures | enables | conversation | really |
| --- | --- | --- | --- |
| success | exchanges | think | |

Such conversations take place at bus stops, on buses and trains, in lifts – almost anywhere we gather close together. These short verbal ____(1)____ deal with broad topics such as the weather, customer service, movies or TV shows, or a particular consumer product. In many ___(2)___, money, family, religious beliefs and politics are not suitable topics for small talk. The topics for small talk depend on where the ___(3)___ is taking place. For instance, at tennis matches, people make small talk about the game they are watching: "Great game, isn't it?" In fact, small talk ___(4)___ us to earn the favour and respect of our friends or colleagues and achieve even ___(5)___ in life.

*****************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# အလေးထားဆောင်ရွက်ရမည့် မီးခိုးမြူငွေ့ထိန်းချုပ်ရေး

**စိုးသူရ**

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ကမ္ဘာတစ်ဝန်းရှိ အခြားနိုင်ငံများစွာအတွက် အရေးပါသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ အထူးသဖြင့် မဲခေါင်ဒေသခွဲရှိ နိုင်ငံများသည် နှစ်စဉ်ခြောက်သွေ့ရာသီတွင် မီးခိုးမြူငွေ့ပြဿနာကို ထပ်တလဲလဲ ကြုံတွေ့နေရသည်။

တောမီးလောင်ကျွမ်းခြင်း၊ သီးနှံစိုက်ပျိုးရန်အတွက် တောင်ယာများမီးရှို့ခြင်းနှင့် စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းမှထွက်လာသည့် မီးခိုးများသည် လေထုညစ်ညမ်းမှုနှင့် မီးခိုးမြူငွေ့များကို ဖြစ်ပေါ်စေသည်။ တောမီးရှို့ခြင်းနှင့် တောင်ယာခုတ်ထွင်မီးရှို့သည့် အလေ့အထများကြောင့် သစ်တောပြုန်းတီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်း၊ မြေဆီလွှာပျက်စီးခြင်းနှင့် ရေရှားပါးခြင်းတို့ကို ဖြစ်စေသည်။

မီးခိုးမြူငွေ့ဆိုသည်မှာ မီးခိုးနှင့် မြူများ ပေါင်းစပ်ဖြစ်လာသည့် လေထုညစ်ညမ်းမှုအမျိုးအစားကိုရည်ညွှန်းပြီး ၎င်းကြောင့် အဆိပ်အတောက်ဖြစ်စေသော အခိုးအငွေ့များ လေထုထဲသို့ရောက်ရှိစေကာ လူမှုပတ်ဝန်းကျင်ကို ဆိုးရွားသည့် အကျိုးသက်ရောက်မှုများဖြစ်စေသည်။

မီးခိုးမြူငွေ့တွင် ဖုန်မှုန့်များ၊ အမှုန်အမွှားများ၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်နှင့် အခြားဓာတ်ငွေ့များနှင့် ရောနှောထားသော သေးငယ်သည့် အမှုန်အမွှားများပါရှိသည်။ ဤအမှုန်အမွှားများသည် လေထဲသို့ အလွယ်တကူ ဖြတ်သန်းနိုင်ပြီး ၎င်းတို့၏ သိပ်သည်းမှုနှင့် ထုထည်ပေါ်မူတည်၍ နယ်နိမိတ်များကို ဖြတ်ကျော်ကာ အိမ်နီးချင်းနိုင်ငံများတွင် သဘာဝပတ်ဝန်းကျင်နှင့် ကျန်းမာရေးပြဿနာများကို ဖြစ်စေသည်။

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များသည် နယ်စပ်ဒေသများတွင် နေထိုင်သူများအတွက် သိသာထင်ရှားသော ကျန်းမာရေးအန္တရာယ်များရှိကြောင်း တွေ့ရှိရသည်။



သမိုင်းတစ်လျှောက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ၁၉၉၇ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဖြစ်ပွားခဲ့သည့် တောမီးလောင်ကျွမ်းမှုများအတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပွားခြင်းနှင့်အတူ သစ်တော ဟက်တာ ၂ ဒသမ ၂ သန်းခန့် ထိခိုက်ခဲ့သည်။ လက်ရှိအချိန်တွင် အိမ်နီးချင်းနိုင်ငံများ၌ မီးခိုးမြူငွေ့ဖြစ်လာစေသည့် အကြောင်းအရင်းထဲမှတစ်ခုဖြစ်သည့် တရားမဝင် သစ်တောမီးရှို့သူများကို အရေးယူနိုင်ရန် ဆောင်ရွက်နေသည်။

မီးခိုးမြူငွေ့များသည် အောက်ပါအချက်များကြောင့် ဖြစ်ပွားသည်ကို တွေ့ရှိရသည်။

**မော်တော်ယာဉ်များမှ ဓာတ်ငွေ့များထုတ်လွှတ်မှု**

လောင်စာဆီသုံးကားများသည် မီးခိုးမြူငွေ့များ ဖြစ်ပွားစေရေးအတွက် အဓိကပံ့ပိုးပေးသည့် နိုက်ထရိုဂျင်အောက်ဆိုက်နှင့် ဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့များကို ထုတ်လွှတ်သည်။ ၎င်းအချက်ကို ထိန်းချုပ်နိုင်ရန်အတွက် လျှပ်စစ်ကားများ သုံးစွဲရမည်ဖြစ်သည်။

- ❖ **ကျောက်မီးသွေး၊ သစ်သားနှင့် ဇီဝလောင်စာများကဲ့သို့သော ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းမှုမှတစ်ဆင့်လည်း မီးခိုးမြူငွေ့များဖြစ်ပေါ်လာကြောင်း တွေ့ရှိရသည်။ ကမ္ဘာ့နိုင်ငံများမှ တာဝန်ရှိသူများသည် လက်ရှိအချိန်တွင် ရုပ်ကြွင်းလောင်စာအသုံးပြုခြင်းကို လျှော့ချရေး ဆောင်ရွက်နေ**
- ❖ **မီးခိုးမြူငွေ့များကို ထိန်းချုပ်ရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များကို အသုံးပြုခြင်းသည်လည်း ထိရောက်သောနည်းလမ်းဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များဖြစ်သည့် ဆိုလာနှင့် လေအားလျှပ်စစ်ထုတ်လုပ်သည့်လုပ်ငန်းများကို အားပေးကူညီခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်သည့် မီးခိုးမြူငွေ့ပြဿနာကို ဖြေရှင်းနိုင်မည်**

**စက်မှုလုပ်ငန်းများကြောင့် မီးခိုးမြူငွေ့ဖြစ်ပွားခြင်း**

